

www.burmeseclassic.com
အကြီးကျယ်ဆုံးသူ
နှင့်
အခြားပုံပြင်များ
ညရဂိုက်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဂျုံရုပ်ညီအစ်ကို

တစ်ခါတုန်းက မုန့်ဖုတ်တဲ့လင်မယားနှစ်ယောက်ရှိသတဲ့။ သူတို့ဟာ ငါးတွေ ဖားတွေပေါများတဲ့ စမ်းချောင်းကလေးတစ်ခုရဲ့ဘေးမှာရှိတဲ့ ရေအားနှင့် အမှုန့်ကြိတ်တဲ့ အမှုန့်ကြိတ်ရုံကလေးတစ်ခုမှာနေကြတယ်။

အဲဒီနေရာကလေးဟာ အလွန်ပဲ ကောင်းမွန်တဲ့နေရာကလေးတစ်ခု ဖြစ်ပေမယ့်လို့ မုန့်ဖုတ်တဲ့လင်မယား နှစ်ယောက်ကတော့ လုံးဝမပျော်ကြဘူးတဲ့။

မပျော်တဲ့အကြောင်းကတော့ သူတို့ မှာ ရင်သွေးကလေးတွေမရှိကြလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကလေးတစ်ယောက်လိုချင်တယ်" လို့ပြောပြီး မိန်းမလုပ်တဲ့သူက ငိုနေတာကို ယောက်ျားဖြစ်သူကမြင်တော့ ...

"မငိုနှင့် ရှင်မ၊ တို့ဆီမှာ ကလေးတစ်ယောက်ရှိစေရမယ်" လို့ ယောက်ျားဖြစ်တဲ့သူက ချော့မော့ပြောသတဲ့။

အဲဒီညမှာ သူဟာ ပေါင်မုန့်ဖိုကိုသွားပြီး ...

"ငါတို့ဆီမှာ တကယ်ကလေးမရှိရင် တစ်ခုခုတော့ လုပ်ရမှာပဲ" လို့ဆိုပြီး သူဟာ ဂျုံမှုန့်ဖြူတွေထည့်ထားတဲ့ အိတ်ကြီး တစ်ခုက ဂျုံမှုန့်တွေကိုယူပြီး ရေနှင့်ရောသတဲ့။

နောက် ကြီးမားတဲ့ ဘောလုံးကြီးတစ်ခုဖြစ်အောင်လုပ်တယ်။ ကြည့်လိုက်ရင် နှင်းဘောလုံးကြီးတစ်လုံးနှင့် တူသတဲ့။ အဲဒီနောက် တကောင်းတစ်ခုမှာ ထည့်ထားတဲ့ ဂျင်းမှုန့်တွေကို ယူပြီး ဂျုံမှုန့်လုံးထဲမှာ ထည့်လုံးတယ်။

တစ်ညလုံး သူလုပ်နေတာကတော့ ဂျုံရုပ်လူကလေး ဖြစ်ဖို့ပါပဲ။ သူဟာ ဂျုံနှင့် ခြေထောက်တွေလက်တွေကို တပ်တယ်၊ ဦးခေါင်းကို ပုံဖော်တယ်၊ မျက်လုံးတွေကို ထည့်ပေးတယ်။

အဲဒီနောက် ပုရှိန်းသကြားလုံးတစ်ခုကို အသည်းနှလုံး အနေနှင့် ခန္ဓာကိုယ်ထဲကို ထည့်ပေးတယ်။ အားလုံးပြီးစီးသွားတဲ့



အခါ သူ့ကို ကောင်းမွန်ပြီး နွေးထွေးအောင်လုပ်ပေးထားလိုက်တယ်။

အချိန်နည်းနည်းကြာသွားတော့ အသံတစ်သံကို ကြားရတယ်။

"အပြင်ထွက်ပါရစေ၊ အပြင်ထွက်ပါရစေ၊ ဒီနေရာက သိပ်ပူတာပဲ"

အဲဒီအသံကတော့ ဂျုံရုပ်လူကလေး ပြောတဲ့အသံပဲဖြစ်တယ်။ ဂျုံမှုန့်ကြိတ်ရုံပိုင်ရှင် ယောက်ျားကြီးက

"ဟဲလို လူတလေး" လို့ နှုတ်ဆက်လိုက်တယ်။

"ဘယ်သူလဲဟင်" လို့ ဂျုံရုပ်လူကလေးက ပြန်မေးသတဲ့။

"ငါဟာ မင်းရဲ့အဖေလေ" လို့ ပြောပြီး ဂျုံရုပ်လူကလေး ကို ကောက်ကိုင်ကာ ယောက်ျားကြီးက နမ်းလိုက်တယ်။

"ကျွန်တော့်နာမည် ဘယ်လိုခေါ်သလဲ"

"ဖေဖေမသိသေးဘူး၊ အိမ်ရောက်တော့မှ ငါ့သားအမေကို မေးကြည့်တာပေါ့ကွယ်"

"ဒါဖြင့် မြန်မြန်သွားကြရအောင် နော်" လို့ ဂျုံရုပ်လူကလေးက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အိမ်ကိုပြေးသွားကြတယ်။ အိမ်ရှင်မ အဘွားကြီးက တံခါးကိုဖွင့်ပြီး သူတို့ကိုမြင်တဲ့အခါ ဝမ်းသာအားရနှင့် လက်ခုပ်တီးလိုက်တယ်။

"နောက်ဆုံးတော့ ကျွန်မတို့မှာ ယောက်ျားလေး တစ်ယောက်ရတာပါပဲ။ ကျွန်မကတော့ သူ့ကို မောင်ဂျင်းလို့ပဲ ခေါ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဂျင်းမုန့်အရောင်ရှိတာကိုး"

နောက်တစ်နေ့တော့ သူတို့ဟာ မောင်ဂျင်းကို စာသင်ကျောင်းသွားအပ်ကြတယ်။ ပထမတော့ မောင်ဂျင်းဟာ စာသင်ကျောင်းမှာ သိပ်ပျော်တာပဲတဲ့။

ဒါပေမယ့် တစ်နေ့တော့ တော်မီလို့ခေါ်တဲ့ လူဆိုးကလေးက မောင်ဂျင်းကို လက်နှင့်ရိုက်တယ်။ မောင်ဂျင်းက 'အား'လို့ အော်တာပေါ့။ တော်မီက ...

"မင်း ကြည့်ရတာ ဂျင်းနှင့်လုပ်တဲ့မုန့်နှင့်တူတယ်" လို့ ပြောပြီး ထပ်ရိုက်ပြန်တယ်။ မောင်ဂျင်းဟာ အိမ်ကိုပြန်ပြေးတာပေါ့။

အိမ်ပြန်တဲ့လမ်းမှာ မိုးမိတော့ မောင်ဂျင်းဟာ မိုးရေတွေစိုရွှဲပြီး နေတာပေါ့။ အိမ်ရောက်တဲ့အခါ ဂျုံမုန့်အလုံးကြီးလိုပဲ ရှိတော့တယ်။



သူ့ရဲ့မိခင်က မောင်ဂျင်းကိုတွေ့တဲ့အခါ ငိုပြီးတော့ "ဘယ်လိုဖြစ်တာလဲ သားလေးရယ်" လို့ ပြောသတဲ့။ သူ့ မိခင်ရဲ့ မျက်ရည်ကလည်း မောင်ဂျင်းအပေါ် ကျကုန်တယ်။ မောင်ဂျင်းက "အမေ၊ ကျွန်တော့်အပေါ်မှာ မငိုပါနှင့် ကျွန်တော် ဂျုံမုန့်အစသေးသေးလေးတွေ ဖြစ်ကုန်မယ်" လို့ပြောတယ်။

"ဒီကိုလာ၊ ငါမင်းကို အကောင်းဆုံးဖြစ်အောင်လုပ်ပေးမယ်" လို့ မောင်ဂျင်းရဲ့အဖေကပြောပြီး မောင်ဂျင်းရဲ့ကိုယ်မှာရှိတဲ့ရေတွေကို ညှစ်ထုတ်ပေးလိုက်တယ်။

မောင်ဂျင်းရဲ့အသား အရေကလည်း ဂျုံမုန့်အရောင်လိုဖြစ်သွားတယ်။ ညရောက်တော့ မောင်ဂျင်းက "မေမေ၊ ကျွန်တော် မိုးရေထဲမှာ ဖြတ်ပြေးတာနှင့် ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ" လို့ မေးတယ်။

ဒီတော့ အမေဖြစ်တဲ့သူက "သားဟာ ဂျင်းနှင့်ဂျုံမှုန့်ရောပြီး လုပ်ထားတာမို့ အခုလိုဖြစ်သွားရတာကွယ့်။ သားဟာ တခြားမိန်းကလေးတွေ၊ ယောက်ျားလေးတွေနှင့် အသားအရေချင်း မတူဘူး" လို့ ရှင်းပြတယ်။ မိခင်ကြီးရဲ့စကားကို ကြားတဲ့အခါ မောင်ဂျင်းဟာ သိပ်ပြီးဝမ်းနည်းသွားတယ်။ သူဟာ ဂျုံမုန့်လို အသားအရေမျိုး မရှိချင်ဘူး။

သူများတွေလို အသားအရေမျိုးပဲ လိုချင်တယ်။

www.burmeseclassic.com



"ငါထွက်ပြေးမှပဲ"လို့ သူ့ကိုယ်သူ ပြောပြီး သူ့ရဲ့အဝတ်အစားတွေရယ်၊ ပန်းသီးသုံးလုံးနှင့် လိမ္မော်သီးနှစ်လုံးကို အိတ်ထဲထည့်ပြီး အိမ်သားမှရှိတဲ့ တောထဲကိုထွက်လာခဲ့တယ်။

အမှောင်ထဲမှာနေတဲ့ ဇီးကွက်ကြီးတစ်ကောင်က မောင်ဂျင်းကိုတွေ့တော့ "မင်း ဘယ်သွားမလို့လဲ"လို့မေးတယ်။

"ဇီးကွက်ကြီး၊ ကျွန်တော်ပင်ပန်းပြီး ဆာလောင်နေပြီ။ သင့်ရဲ့ တောင်ပံကြားမှာ နေပါရစေ"လို့ မောင်ဂျင်းကပြောတယ်။

"ကောင်းပြီ။ နေလေ"လို့ ဇီးကွက်ကြီးက ပြောတော့ တောင်ပံကြားထဲ ဝင်လိုက်တဲ့အခါ နွေးနွေးထွေးထွေးနှင့်မို့ အိပ်ပျော်သွားခဲ့တယ်။

မနက်မိုးလင်းလို့ မောင်ဂျင်းနိုးလာတော့ ...

"မိုးလင်းလာပြီ၊ ငါ အိပ်ရာဝင်ရမယ်"လို့ ဇီးကွက်ကြီးက ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဇီးကွက်တွေက ညမှာ မအိပ်ဘဲ နေ့မှာ အိပ်ရတာကိုး။

ဒီတော့ မောင်ဂျင်းဟာ တစ်ယောက်တည်း သစ်တောထဲ ဖြတ်လျှောက်လာရင်းနှင့် တောင်ထိပ်တစ်ခုပေါ်ကို ရောက်သွားတယ်။

အဲဒီ အပေါ်မှာ အိမ်လေးတစ်လုံးကိုတွေ့ရတယ်။ အိမ်မှာ ပြတင်းပေါက်တွေ မရှိဘဲ တံခါးအပါအဝင် အားလုံးကို သစ်တုံးတွေနှင့် ဆောက်လုပ်ထားတယ်။ မောင်ဂျင်းဟာ တံခါးကိုခေါက်လိုက်တဲ့အခါ ရှပ်အင်္ကျီအပြာရှည်ကြီးကို ဝတ်ပြီး ဘောင်းဘီမပါတဲ့ ရယ်စရာကောင်းတဲ့ အဘိုးကြီးတစ်ယောက်ထွက်လာတယ်။



သူက ...

"မင်း ဘာလိုချင်သလဲ"လို့ မေးတယ်။

"ကျွန်တော် ဆာလောင်ပြီး ချမ်းနေလို့ပါ"

အဘိုးကြီးက မောင်ဂျင်းကို အိမ်ထဲခေါ်သွားပြီး "ငါ မင်းကို နွေးအောင်လုပ်ပေးမယ်။ ဒီရေနွေးနှင့် ရေချိုးလိုက်ပေါ့"လို့ ပြောတယ်။

မောင်ဂျင်းလည်း ရေနွေးထဲ ခုန်ချလိုက်တယ်။ ပူနွေးတဲ့ အရသာကိုကြိုက်ပြီး "သိပ်ကောင်းတာပဲ"လို့လည်း ပြောတယ်။ ဒါပေမယ့် ကြောက်မက်ဖွယ်ကောင်းတာကို မကြာခင်မှာပဲ မောင်ဂျင်းတွေ့လိုက်ရတယ်။

ရေနွေးထဲမှာ ဂျုံမှုန့်အမိုင်းအစတွေ မောင်ဂျင်းရဲ့ ကိုယ်ကထွက်လာတယ်။ အဲဒီအခါမှာ ...

"ကယ်ပါဦး ကယ်ပါဦး၊ ကျွန်တော့်ကို အပြင်ထုတ်ပေးပါဦး"လို့ မောင်ဂျင်းက အော်တာပေါ့။ ဒါပေမယ့် သိပ်နောက်ကျသွားခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းတဲ့ အဘိုးအိုဟာ ဂျုံမှုန့်အပိုင်းအစ တွေကိုလုံးပြီး မီးလင်းဖိုပေါ်မှာရှိတဲ့ စင်ပေါ်မှာ တင်ထားခဲ့တယ်။ နောက်တစ်နေ့မနက်ကျတော့ အဘိုးအိုဟာ ဂျုံနှင့် ဂျင်းမှုန့် ရောနေတဲ့ ဂျုံမှုန့်လုံးကြီးကို ဈေးမှာသွားရောင်းတယ်။

ဝယ်တဲ့လူတစ်ယောက်မှ ပေါ်မလာခဲ့ဘူး။ အကြာကြီး နေတော့မှ မောင်ဂျင်းရဲ့အဖေဖြစ်တဲ့ မုန့်ဖုတ်တဲ့လူဟာ အဘိုးကြီး ဆီ ရောက်လာခဲ့တယ်။

အဘိုးကြီးက ...

''ကျွန်တော် ဂျုံမှုန့်လုံးလိုချင်တယ်''လို့ ပြောပြီး အဘိုး ကြီးကို ပိုက်ဆံပေးကာ ဝယ်သွားခဲ့တယ်။

အမှန်တော့ သူဝယ်လာခဲ့တာ မောင်ဂျင်းရဲ့ ဂျုံမှုန့်တွေ ဖြစ်တယ်ဆိုတာ သူမသိဘူး။ မုန့်ဖိုထဲရောက်တော့ အရင်တုန်းက မောင်ဂျင်းကို လုပ်ခဲ့သလိုပဲ ဂျုံနှင့် ကလေးလေးတစ်ယောက် ဖြစ်အောင် လုပ်ပြန်တယ်။

''နောက် ကလေးလေးတစ်ယောက် လုပ်ဦးမှပဲ''လို့လည်း သူ့ဖာသာသူ ပြောသတဲ့။ အဲဒီလိုနှင့် ကလေးလေးတစ်ယောက် ရတော့ ...

''ဖေဖေ၊ ဖေဖေ''လို့ ဂျုံမှုန့်လူကလေးက ခေါ်လိုက် တယ်။



အဲဒီနောက် ''နောက်တစ်ခါ အိမ်ကနေ ဘယ်တော့မှ ထွက်မပြေးတော့ပါဘူး''လို့ ဂျုံမှုန့်လူကလေးက ပြောပြီး သူ့ အဖေကို မွှေးမွှေးပေးလိုက်တယ်။

အဲဒီအချိန်မှာ အမေနှင့် ညီသည်တစ်ယောက် ဝင်လာ တာကို တွေ့လိုက်ရတယ်။ အဲဒီ ညီသည်ဟာ တခြားသူ မဟုတ်ဘူး။ မောင်ဂျင်းမရှိတဲ့ အချိန်မှာ နောက်ထပ်လုပ်ထားတဲ့ ဂျုံမှုန့်လူကလေးတစ်ယောက်ဖြစ်တယ်။

''အဲဒါ မင်းရဲ့ညီပေါ့။ မင်း အဝေးကိုထွက်ပြေးသွားတုန်း က အဖေတို့ မင်းကိုရှာမတွေ့ဘူး။ ဒါလည်း နောက်ထပ် ဂျုံမှုန့် လူကလေးတစ်ယောက် လုပ်ထားလိုက်တယ်''လို့ အဖေက ပြော တယ်။

''အို ကောင်းတာပေါ့။ ဒါမှ ကျွန်တော်တို့ အတူတူ ကစားလို့ရတာပေါ့''လို့ မောင်ဂျင်းက အားရဝမ်းသာပြောတယ်။

အဲဒီနောက်တော့ ဂျုံမှုန့်ညီအစ်ကိုနှစ်ယောက်ဟာ သူတို့ အဖေ အမေနှင့်အတူ ပျော်ရွှင်စွာ၊ ချမ်းမြေ့စွာ နေထိုင်သွားကြ သတဲ့ကွယ်။

[Spike Milligan ၏ The Ginger Bread Boy]

www.burmeseclassic.com

www.burmeseclassic.com

## မင်းသမီးလေးနဲ့ ရွှေလမင်း

ကလေးတို့ရေ ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ လီနော့လို့အမည်ရှိတဲ့ မင်းသမီးလေးတစ်ပါး ရှိသတဲ့။ အဲဒီမင်းသမီးလေးဟာ ကိတ်မုန့်တွေကို သိပ်ပြီးတော့ ကြိုက်နှစ်သက်တယ်။

တစ်နေ့တော့ ကိတ်မုန့်တွေ အများကြီးစားပြီး ဖျားပါလေရော။ ဘုရင်ကြီးရဲ့သမားတော်တွေလည်း ဘယ်လိုနည်းနဲ့မှ မကုသနိုင်ကြဘူး။

ဘုရင်ကြီးဟာ သူ့ရဲ့သမီးတော်ကို လိုချင်တာရှိရင် ရစေ့ရမယ်လို့ ကတိပြုထားသတဲ့။



မင်းသမီးလေး လီနော့က သူမရဲ့ဖခင် ဘုရင်ကြီးကို 'လမင်းကြီး' ကို လိုချင်တဲ့အကြောင်း 'လမင်းကြီး' ကိုသာ ရရှိမယ်ဆိုရင် သူမရဲ့ကျန်းမာရေး ကောင်းမွန်လာပါလိမ့်မယ်လို့ လျှောက်ထားတယ်။

ရှင်ဘုရင်ကြီးဟာ သူ့ရဲ့မှူးကြီးမတ်ရာတစ်ဦးဖြစ်တဲ့ နန်းရင်းဝန်ကို ခေါ်တော်မူလိုက်သတဲ့။

နန်းရင်းဝန်ဟာ မျက်မှန်ကြီးကို တပ်ထားတယ်။ ဒါ့အပြင် သူဟာ ကိုယ်ခန္ဓာကြီးမားပြီး ဝလွန်းတဲ့သူတစ်ယောက်လည်း ဖြစ်တယ်။

ရှင်ဘုရင်ကြီးဟာ သူ့ရဲ့သမီးတော်လေးအတွက် 'လမင်း' ကိုယူပေးဖို့ နန်းရင်းဝန်ကို စေခိုင်းလိုက်တယ်။

ရှင်ဘုရင်ကြီးရဲ့ အရာရှိတစ်ဦးဖြစ်တဲ့ နန်းရင်းဝန်ဟာ သူ့ရဲ့အိတ်ထဲက စာရင်းစာရွက်ရှည်ကြီးတစ်ခုကို ထုတ်ပြီး လျှောက်တင်လိုက်တယ်။

"အရှင်မင်းကြီး ကျွန်တော်မျိုးမှာ အရာဝတ္ထုများစွာ ရှိပါတယ်။ အဲဒီအရာဝတ္ထုတွေရဲ့ စာရင်းကို လျှောက်ထားပါမယ်။ အဲဒါတွေကတော့ ဆင်စွယ်များ၊ မျောက်များ၊ ဥဒေါင်းငှက်များ၊ ကျောက်မျက်ရတနာများ၊ ပန်းရောင်ဆင်များ၊ အပြာရောင်ခွေး

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ရွှေပိုးကောင်များနဲ့လုပ်တဲ့ ငှက်မွေးများဖြစ်ပါတယ်။ အဲ့အပြင် လူဖွားကြီးတွေနဲ့ လူသေးသေးလေးတွေကိုလည်း အရွှင် အတွက် ဆောင်ယူလာနိုင်ပါတယ်။ ပင်လယ်ထဲမှာနေထိုင်တဲ့ လုံမပျိုတွေ၊ အဆိုတော်တွေနဲ့ ကချေသည်တွေလည်း ရှိပါသေး တယ်။ တစ်ကီလိုရှိတဲ့ ထောပတ်ရယ်၊ သကြားတစ်အိတ်ရယ်၊ ကြက်ဥ ၂၄–လုံးရယ်၊ အဲ ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီး၊ အဲဒါတွေကတော့ ကျွန်တော်မျိုးရဲ့ ဖနီးသည် ရေးထားတာ တွေပါ''

ရှင်ဘုရင်ကြီးက ခွေးပြာလေးတွေလည်း မလိုချင်ကြောင်း၊ ခွေးပြာလေးတွေအကြောင်းလည်း မပြောချင်ကြောင်း၊ သူ့အနေ နဲ့ တကယ်လိုချင်တာက သမီးတော်လေးအတွက် လမင်းသာ ဖြစ်ကြောင်း၊ အဲဒါကို ချက်ချင်းအလိုရှိကြောင်း မိန့်တော်မူသတဲ့။

နန်းရင်းဝန်က''ကျွန်တော်မျိုးမှာရှိတဲ့ အရာတွေဟာ အာဖရိကတိုက်နဲ့ အာရှတိုက်လို ဝေးကွာတဲ့နေရာဒေသက အရာ ဝတ္ထုမျိုးတွေပါ။ ဒါပေမယ့် ကျွန်တော်မျိုးမှာ လမင်း မရှိပါဘူး။ လမင်းဟာ ကျွန်တော်တို့ ကမ္ဘာမြေကနေ မိုင်ပေါင်းများစွာ ဝေး ကွာလှပါတယ်။ မင်းသမီးလေးရဲ့အဆောင်ထက်လည်း အဆ မတန်ကြီးပါသေးတယ်။ လမင်းကို ပူပြင်းတဲ့ ကြေးနီသတ္တုနဲ့





ပြုလုပ်ထားတဲ့အတွက် ဘယ်သူမှ ကိုင်တွယ်ထိတွေ့လို့ မရဘူး ဒါကြောင့် ခွေးပြာလေးဆိုရင်တော့ ရရှိနိုင်မှာဖြစ်ပြီး လမင်းက ဆိုရင်တော့ မရနိုင်ဘူးလို့ လျှောက်တင်ပါရစေ''လို့ ပြောသတဲ့

ရှင်ဘုရင်ကြီးဟာ နန်းရင်းဝန်ကို သူ့အခန်းထဲကနေ ထွက်သွားဖို့ အမိန့်ပေးလိုက်တယ်။

အဲဒီနောက် သူ့ရဲ့သင်္ချာပညာရှင်ကို အခေါ်လွှတ်လိုက် သတဲ့။

ဆံပင်တစ်မျှင်မှမရှိတော့တဲ့ သင်္ချာပညာရှင် လူသေးသေး ကလေးဟာ နားရွက်မှာခဲတံကိုညှပ်ပြီး ရှင်ဘုရင်ကြီးထံ အခစား ရောက်လာခဲ့ပါတယ်။

ရှင်ဘုရင်ကြီးက ...

''ငါကိုတော်မြတ်ကို မောင်မင်းလွှန်ခဲ့တဲ့ နှစ်လေးဆယ် လောက်ကတည်းက တည်ဆောက်ခဲ့တဲ့ ပြဿနာတွေအကြောင်း မပြောပါနဲ့။ ဒါတွေကို ငါကိုယ်တော်မြတ် စိတ်မဝင်စားဘူး။ ငါ့ရဲ့ သမီးတော်လီနောအတွက် လမင်းပဲ လိုချင်တယ်။ အခုရအောင် ယူပေးပါ''လို့ ...

မိန့်တော်မူသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သချာပညာရှင်က "ကျေးဇူးတင်ပါတယ် အရှင်မင်းကြီး ဒီစာရွက်မှာ အရှင်မင်းကြီးအတွက် လွှန်ခဲ့တဲ့ အနှစ်လေးဆယ်က ပြဿနာဖြေရှင်းနည်းတွေကို ရေးသားထားပါတယ်။ ကျွန်တော်မျိုး အရှင်မင်းကြီးကို လျှောက်ထားလိုတာက "အပေါ်ဘက်"မှာ ဘယ်လောက်ကွာဝေးသလဲဆိုတာနဲ့ "အောက်ဘက်မှာ" ဘယ်လောက်ကွာဝေးသလဲဆိုတာပါပဲ။ ကျွန်တော်မျိုး အကွာအဝေးတွေကိုလည်း ရှင်းပြပါ့မယ်။ အက္ခရာ "A"နဲ့ အက္ခရာ"Z"ရဲ့ အကွာအဝေး၊ နေ့နဲ့ည အကွာအဝေးတွေပါ" လို့ လျှောက်ထားတဲ့အခါ အရှင်မင်းကြီးဟာ မျက်နှာကြီးနီရဲပြီး စိတ်ဆိုးလာပါတယ်။

နောက်ပြီးတော့ ဘာမျှဆက်မပြောဖို့ အမိန့်ပေးလိုက်တယ်။ သူဟာ သမီးတော်လေးအတွက်သာ လမင်းကို ဘယ်လိုလုပ်မှ ရယူနိုင်စွမ်းမရှိကြောင်း လျှောက်ထားပါတယ်။

ရှင်ဘုရင်ကြီးက သချာပညာရှင်ကို အခန်းထဲက မောင်းထုတ်လိုက်ပါတယ်။

အဲဒီနောက် ရှင်ဘုရင်ကြီးဟာ သူ့ကို ရယ်မောအောင် လုပ်နိုင်တဲ့ တစ်ဦးတည်းသော ပျော်တော်ဆက်ကို ခေါ်လိုက်ပါတယ်။ ပျော်တော်ဆက်ဟာ အခန်းထဲကို ပြေးပြီး ဝင်ခဲ့တယ်။



သူဟာ ခေါင်းလောင်းတွေပါတဲ့ ရယ်စရာ အဝတ်အစားကိုလည်း ဝတ်ထားတယ်။

ရှင်ဘုရင်ကြီးက "ငါကိုယ်တော်မြတ်ရဲ့ သမီးတော်ဟာ လမင်းကိုရမှသာ နေထိုင်ကောင်းမယ်လို့ ဆိုတယ်။ ငါ့ရဲ့မှူးကြီးမတ်ရာတွေကလည်း တစ်ယောက်မျှ မစွမ်းဆောင်နိုင်ကြဘူး"လို့ မိန့်ကြားတော့ ပျော်တော်ဆက်က တစ်မိနစ်လောက် စဉ်းစားပြီး လျှောက်ထားပါတယ်။

"မှန်လှပါဘုရား။ သူတို့တွေအားလုံးဟာ ပညာရှိကြီးတွေဖြစ်ပါတယ်။ ဒါပေမယ့် လမင်းနဲ့ပတ်သက်ပြီး၊ ကွဲပြားတဲ့ အသိအမြင်တွေ ရှိပါလိမ့်မယ်။ လမင်းနဲ့ပတ်သက်ပြီး မင်းသမီး ဘယ်လိုသိထားလိမ့်မယ်ဆိုတာ မေးမြန်း စုံစမ်းပါရစေ"

ရှင်ဘုရင်ကြီးက သဘောတူတဲ့အခါ ပျော်တော်ဆက်ဟာ မင်းသမီးလေးလီနောရဲ့အခန်းကို သွားခဲ့ပါတယ်။

မင်းသမီးကလေးက ခက်ခဲစွာနဲ့ စကားပြောရှာတယ်။ မင်းသမီးလေးက ပျော်တော်ဆက်ကို လမင်းယူလာနိုင်မလားလို့ မေးတော့ ပျော်တော်ဆက်က ယူလာနိုင်ကြောင်း၊ ဒါပေမယ့် လမင်းနဲ့ ပတ်သက်သမျှ မင်းသမီးလေးသိသလို သိလိုကြောင်း ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးလိုနောက ...

"လမင်းဟာ ကျွန်မရဲ့ လက်သည်းခွံလောက် ကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ လမင်းရဲ့ရှေ့မှာ လက်ချောင်းကလေး ထောင်လိုက်ရင် လက်သည်းခွံနဲ့ ကွယ်နေတယ်"

လို့ ပြောသတဲ့။

ပျော်တော်ဆက်က လမင်းဟာ မင်းသမီးကလေး ဘယ်လောက်ဝေးသလဲလို့ မေးတော့ ပြတင်းပေါက်မှာရှိတဲ့ သစ်ပင်ရဲ့ ထိပ်ဖျားလောက်သာ ဝေးကွာကြောင်း ပြောတယ်။

ပျော်တော်ဆက်က မေးခွန်းတစ်ခု ထပ်မေးသေးတယ်။

"လမင်းကို ဘာနဲ့ပြုလုပ်ထားတာပါလဲ"

မင်းသမီးလေးက ရယ်မောပြီး ...

"တကယ်ပဲ ရှင်မသိဘူးလား။ ရွှေနဲ့လုပ်ထားတာလေ"

လို့ ပြောပြန်တယ်။

ပျော်တော်ဆက်ဟာ မင်းသမီးလေးထံမှ ထွက်ခွာလာပြီး ဘုရင်ကြီးရဲ့ လက်ဝတ်ရတနာတွေ ပြုလုပ်သူဆီ သွားပါတယ်။ အဲဒီနောက် လဝန်းပုံသဏ္ဌာန် ရွှေပြားကလေး ပြုလုပ်ခိုင်းတယ်။ မင်းသမီးကလေးရဲ့ လက်သည်းခွံလောက်ရှိတဲ့ ရွှေဆွဲပြားကလေးပေါ့။





အဲဒီလဝန်းပုံသဏ္ဌာန် ရွှေဆွဲပြားကလေးကို လည်ပင်းမှာဆွဲဖို့ မင်းသမီးကလေးကို ဆက်သလိုက်တဲ့အခါ မင်းသမီးလေးဟာ သိပ်ပျော်သွားသတဲ့။

နောက်နေ့တွေမှာတော့ အိပ်ရာထဲက ထပြီး ပန်းဥယျာဉ်ထဲမှာ ကစားနေသတဲ့။

ရှင်ဘုရင်ကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမယ့် စိုးရိမ်ပူပန်မှုက ဖြစ်လာပြန်ပါရော။

အဲဒါကတော့ မိုးပေါ်မှာ လမင်းကြီးထွက်လာလို့ မင်းသမီးကလေး တွေ့မြင်သွားရင် သူမရဲ့လည်ပင်းပေါ်မှာ ဆွဲထားတာဟာ ရွှေလမင်းအစစ် မဟုတ်ဘူးဆိုတာကိုဘဲ။ ဒါနဲ့ သူ့ရဲ့မှူးကြီးမတ်ရာတွေကိုခေါ်ပြီး မေးမြန်းရပြန်တော့တယ်။

ရှင်ဘုရင်ကြီးက ပထမဦးဆုံး နန်းရင်းဝန်ကြီးကို မိုးပေါ်က လမင်းကို မင်းသမီးလေး မတွေ့မမြင်နိုင်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးတော့ နန်းရင်းဝန်ကြီးက အကြာကြီးစဉ်းစားပါတယ်။

အဲဒီနောက် "မင်းသမီးလေးကို မျက်မှန်အနက်ကြီး တပ်ပေးထားရင် ဘာကိုမှ မမြင်နိုင်တော့ဘူး"လို့ လျှောက်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးက သူ့ရဲ့သမီးတော်လေးဟာ ဘာကိုမှ မမြင်ရဘူးဆိုရင် လမ်းလျှောက်တဲ့အခါ စားပွဲ ကုလားထိုင် ပရိဘောဂတွေကို ခလုတ်တိုက်မိပြီး ထိခိုက်ဒဏ်ရာရကာ အိပ်ရာထဲ ပြန်လဲသွားနိုင်ကြောင်း ပြောသတဲ့။

အဲဒါနဲ့ သင်္ချာပညာရှင်ကို ခေါ်ယူပြီး မေးမြန်းရပြန်ရော။

သင်္ချာပညာရှင်က စက္ကန့်တစ်ပတ်လည် လမ်းလျှောက်ကာ စဉ်းစားပါတယ်။ အဲဒီနောက် သူ့ရဲ့အဖြေကို လျှောက်ထားသတဲ့။

''ညတိုင်း ပန်းဥယျာဉ်ထဲကနေ ကောင်းကင်ကို မီးရှူးမီးပန်းတွေပစ်လွှတ်ရပါမယ်။ အဲဒါဆိုရင် မင်းသမီးကလေးအနေနဲ့ လမင်းကို ကြည့်ရှုအားတော့မှာ မဟုတ်ပါဘူး ဘုရား''

လို့ လျှောက်ထားပါတယ်။

ရှင်ဘုရင်ကြီးက သင်္ချာပညာရှင်ကို အရူးပဲလို့ ဆိုပါတယ်။ အဲဒီလို မီးရှူးမီးပန်းတွေ ညစဉ်ညတိုင်း လွှတ်တင်နေရင် သူ့ရဲ့ သမီးတော်ကလေး အိပ်စက်ရတော့မှာ မဟုတ်ဘူးတဲ့။

ရှင်ဘုရင်ကြီးဟာ ပြတင်းတံခါးကို ဖွင့်လိုက်ပါတယ်။ မိုးကောင်းကင်မှာတော့ လမင်းကြီးဟာ မြင့်တက်လာခဲ့တာပေါ့။ သူဟာ ချက်ချင်းပဲ ပျော်တော်ဆက်ကိုခေါ်ပြီး မင်းသမီးလေး





လမင်းကိုတွေ့မြင်သွားရင် ပြန်ပြီး ဖျားနိုင်သလားလို့ မေးမြန်းတယ်။

သူ့ရဲ့ မှူးကြီးမတ်ရာတွေကတော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမျှ လျှောက်တင်နိုင်စွမ်း မရှိတော့ပါဘူး။

ပျော်တော်ဆက်က ...

''ဒီမှာရှိတဲ့ ပညာရှိအမတ်ကြီးတွေ အနေနဲ့ လမင်းကို ဖုံးကွယ်ထားလို့ မရဘူးဆိုရင် ဘယ်သူတစ်ဦး တစ်ယောက်မှလည်း လမင်းကိုဖုံးကွယ်နိုင်စွမ်း မရှိပါဘူး ဘုရား''

လို့ လျှောက်ထားသတဲ့။

နောက်ထပ် ရှင်ဘုရင်ကြီးက ပြတင်းပေါက်ကိုဖွင့်ကြည့်တဲ့အခါ လရောင်ဟာ မင်းသမီးလေး လီနောရဲ့ အခန်းပေါ်ကျရောက်နေတာ တွေ့ရသတဲ့။

ပျော်တော်ဆက်က လျှောက်ထားပြန်တယ်။

''လမင်းကို ဘာနဲ့လုပ်ထားသလဲ။ ဘယ်လောက်ဝေးသလဲဆိုတာကို သိကြပါရဲ့လား။ ကျွန်တော်မျိုး အထင်တော့ မင်းသမီးကလေးလီနောဟာ ဒီမှာရှိနေတဲ့ သူတွေထက် လမင်းရဲ့အကြောင်းကို ပိုပြီးသိတယ်လို့ ထင်ပါတယ်။ ကျွန်တော်မျိုး



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ မင်းသမီးလေးဆီသွားပြီး လည်ပင်းမှာဆွဲထားတဲ့ လမင်းနဲ့ ကောင်းကင်ကလမင်း ဘယ်လိုကွာခြားသလဲဆိုတာကို မေးစမ်းပါရစေ''

ရှင်ဘုရင်ကြီးအနေနဲ့ တားဆီးချိန်မရခင်မှာ ပျော်တော်ဆက်ဟာ မင်းသမီးလေးရဲ့ အခန်းထဲကို ရောက်ရှိသွားပါတယ်။ မင်းသမီးလေးဟာ အိပ်ရာထဲမှာ ရှိပါတယ်။

ဒါပေမယ့် အိပ်စက် ခြင်းမရှိပါဘူး။ သူမဟာ အပြင်မှာ ရှိတဲ့လမင်းကို ကြည့်နေပါတယ်။ လက်ထဲမှာတော့ ပျော်တော်ဆက်ဆက်သထားတဲ့ လဝန်းပုံ ဆွဲပြားကလေးကို ကိုင်ထားရဲ့။

ပျော်တော်ဆက်က ''အရှင့်သမီးရဲ့ လည်ပင်းမှာလမင်းကိုဆွဲထားပါရက်နဲ့ ဘာကြောင့် မိုးကောင်းကင်မှာ လရောင်ရှိနေပါလိမ့်'' လို့ မေးသတဲ့။

မင်းသမီးကလေးက ပျော်တော်ဆက်ကို ကြည့်ပြီး ရယ်ပါတယ်။

''ရှင်တော်တော်ရူးတာပဲ။ သွားတစ်ချောင်း ကျိုးသွားရင် အသစ်တစ်ချောင်း ထွက်လာတာပဲ မဟုတ်လား''

ပျော်တော်ဆက်က ...



''အမှန်ပါပဲ။ သမင်တွေ ချိုတစ်ချောင်း ကျိုးရင် နောက်ချိုတစ်ချောင်း ပေါက်လာတတ်ကြတယ်'' လို့ ပြောပါတယ်။

''မှန်တာပေါ့ ကျွန်မတို့ ဥယျာဉ်ထဲမှာ ပန်းတစ်ပွင့်ခူးလိုက်ရင် အသစ်တစ်ပွင့် ထပ်ပွင့်တယ်လေ''

''ဟုတ်ပြီ ဟုတ်ပြီ နေ့ပြီးရင်ည၊ ညပြီးရင်နေ့ ထပ်တလဲလဲဖြစ်နေကြတာပါပဲ''

မင်းသမီးလေးက ...

''လမင်းလည်း အဲဒီလိုပဲလေ။ ကျွန်မထင်ပါတယ်။ အားလုံး ဒီအတိုင်းဖြစ်နေကြတာပါပဲ''

လို့ ပြောပြန်တယ်။

အဲဒီလို ပြောရင်း ပြောရင်းနဲ့ မင်းသမီးလေးရဲ့အသံက တိုးသွားပါတယ်။ ပျော်တော်ဆက်က သေသေချာချာကြည့်တော့ မင်းသမီးလေး အိပ်ပျော်သွားတာကို တွေ့ရသတဲ့။

ပျော်တော်ဆက်ဟာ မင်းသမီးလေးကို စောင်နဲ့သေချာစွာ လွှမ်းခြုံပေးခဲ့ပြီး သူ့ရဲ့ခြေသံမကြားအောင် အခန်းထဲက ထွက်လာခဲ့သတဲ့ကွယ်။

James Thurber ၏ "MANYMOONS" ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## လရောင်ကို အသုံးပြုခြင်း

တစ်ခါတုန်းက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက်ရဲ့အိမ်ကို သူခိုးနှစ်ယောက်က ဖောက်ထွင်းခိုးယူဖို့ ကြံစည်ကြသတဲ့။

သူဌေးကြီးက သူ့ရဲ့အိမ်ထဲကို လူစိမ်းတွေဝင်လာတာ ရိပ်စားမိလိုက်တယ်။ ဒါပေမယ့် သူဌေးကြီးဟာ ဉာဏ်ပညာကြွယ်ဝသူ ဖြစ်တဲ့အတွက် ဘာမှမလုပ်ဘဲ သူ့ရဲ့ အနားမှာ အိပ်ပျော်နေတဲ့ သူ့ရဲ့ဇနီးကိုနှိုးပြီး တိုးတိုးကလေး ပြောလိုက်တယ်။

"ရှင်မရေ၊ တို့အိမ်ထဲကို သူခိုးတွေ ဝင်နေတယ်။ ဘာမှတော့ ထိတ်လန့်တကြားမလုပ်နဲ့၊ ငါပြောတဲ့အတိုင်းသာ မင်း ငါ့ကို မေးခွန်းမေးပေတော့"



လို့ ပြောပြီး ဇနီးဖြစ်သူကို ပြောစရာရှိတာတွေ ပြောလိုက်တယ်။

သူဌေးကြီးရဲ့ဇနီးလည်း သူဌေးကြီး ပြောတဲ့အတိုင်း သူဌေးကြီးကို မေးသတဲ့။

"သူဌေးကြီး ဒီည ရှင့်ကို မေးစရာတစ်ခုရှိတယ်။ အဲဒါ သေသေချာချာ ဖြေစမ်းပါ"

"ဘာလဲကွာ၊ မင်းကလည်း ညကြီးမင်းကြီး ဘာများမေးမလို့လဲ"

"ကျွန်ုပ်စဉ်းစားကြည့်မိတယ်။ အခု ကျုပ်တို့ ချမ်းသာကြွယ်ဝနေတဲ့ ပစ္စည်းဥစ္စာတွေကို ရှင်ဘယ်လိုများ ရှာဖွေခဲ့သလဲ"

"မင်းကလဲကွာ၊ အိပ်မှာသာ ကောင်းကောင်းအိပ်စမ်းပါ။ ငါ့ရဲ့လျှို့ဝှက်ချက်တွေကို မပြောပါရစေနဲ့"

လို့ သူဌေးကြီးက ငြင်းဆိုသတဲ့။ ဒါပေမယ့် သူဌေးကြီးရဲ့ ဇနီးဖြစ်သူကလည်း သူဌေးကြီးမှာထားတဲ့အတိုင်း မရမက မေးတာပေါ့။

သူဌေးကြီးရဲ့အိမ်ထဲကို ရောက်နေတဲ့ သူခိုးနှစ်ယောက်ကလည်း သူဌေးကြီးဘာ ပြောမလဲဆိုတာကို သိချင်ဇောနဲ့ တိတ်တိတ်ကလေး နားထောင် နေသတဲ့။

သူဌေးကြီးလည်း မရမကမေးနေတဲ့ ဇနီးဖြစ်သူကို မဖြေချင်ဘဲဖြေရတဲ့ ပုံစံနဲ့ ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ… မင်းဒီလောက်သိချင်ရင်လည်း တစ်သက်လုံး သိုဝှက်ထားတာတွေကို ပြောရတာပေါ့ကွာ။ တကယ်တော့ ငါမှာရှိတဲ့ ပစ္စည်းတွေဟာ ခိုးလို့ဝှက်လို့ရထားတဲ့ ပစ္စည်းဥစ္စာတွေ ပဲကွ မင်း အံ့သြသွားသလား။ မအံ့သြပါနဲ့ကွာ။ တစ်ချိန်တုန်းက ငါဟာ သူခိုးတစ်ယောက်ပဲ၊ ငါမှာရှိတဲ့ ပစ္စည်းဥစ္စာတွေ မဟုတ် ပါဘူး။ ငါဟာ သူခိုးတွေရဲ့ကြားမှာ နေခဲ့ရတယ်။ ငါ့ရဲ့လက်တွေ ကို အားလပ်ချိန်မပေးဘဲ သူများတွေရဲ့ ဥစ္စာ ပစ္စည်းတွေကို ခိုးယူခဲ့တယ်။ တစ်နေ့တော့ အဲဒီသူခိုးတွေအများကြီးထဲက ငါ့ကို ခင်မင်တဲ့ သူခိုးကြီးတစ်ယောက်က ပစ္စည်းဥစ္စာတွေရှိတဲ့ နေရာကို သိနိုင်တဲ့ နည်းလမ်းတစ်ခု ငါ့ကို သင်ကြားပေးခဲ့တယ်။ အဲဒါ ကတော့ လရဲ့ အလင်းရောင်က စွမ်းအားတွေနဲ့ ခုန်ပျံကျော်လွှား နိုင်တယ်။ လရဲ့အလင်းရောင်ကနေ ပစ္စည်းဥစ္စာရှိတဲ့နေရာကို သိနိုင်တယ်။ ပထမ "လမင်းကြီးခင်ဗျား၊ ကျွန်တော့်ကို စွမ်းအင် တွေပေးပါ" ဆိုပြီး လမင်းကြီးကို မေတ္တာရပ်ခံရတယ်။ အဲဒါကို အသံနေအသံထားမှန်မှန်နဲ့ ခုနစ်ခေါက် ရွတ်ရတယ်။ အဲဒီနောက် ယက်နှစ်ဖက်ကို ဆန့်တန်းပြီး လမင်းကြီးဆီက စွမ်းအင်တွေကို ပွေ့ပိုက်ယူလိုက်ရတယ်။ အဲဒါဆိုရင် လမင်းကြီးဆီက စွမ်းအင် တွေကို ရပြီ ခုန်ပျံကျော်လွှားလို့လည်း ရတယ်။ လမင်းရဲ့ အလင်း ရောင်ကလည်း ပစ္စည်းဥစ္စာတွေရှိတဲ့နေရာကို ညွှန်ပြပေးတယ်။





အဲဒီလိုနည်းနဲ့ ပစ္စည်းဥစ္စာတွေကို ခိုးဝှက်ပြီး ငါချမ်းသာလာခဲ့ တာပဲ"

သူဌေးကြီးပြောတဲ့စကားကို တိတ်တိတ်ကလေး ခိုးပြီး နားထောင်နေတဲ့ သူခိုးနှစ်ယောက်ကလည်း သူတို့ကတော့ "ပိုင် ပြီ" ဆိုပြီး တွေးမိသတဲ့။

သူဌေးကြီးပြောသွားတဲ့နည်းကို အသုံးပြုဖို့လည်း စဉ်းစား မိကြတယ်။ သူခိုးနှစ်ယောက်ထဲက ခေါင်းဆောင်ဖြစ်တဲ့ သူခိုးဟာ လမင်းကြီးဆီကို မျက်နှာမူပြီး သူဌေးကြီး ပြောသလို ရွတ်ဆို လိုက်တယ်။

အဲဒီနောက် သူ့ဆီကို လမင်းကြီးဆီက စွမ်းအင်တွေ ရောက်ရှိပြီလို့ ယုံကြည်ပြီး တိုက်ရဲ့အမြင့်ဆုံး ပြတင်းပေါက်ကို ခုန်တက်လိုက်တယ်။ သူ့ရဲ့အကြံကတော့ လရဲ့အလင်းရောင်နဲ့ ပစ္စည်းဥစ္စာတွေရှိမယ့် နေရာကိုကြည့်မယ်ပေါ့။

ဒါပေမယ့် ကံမကောင်းအကြောင်းမလှတော့ ပြတင်း ပေါက်ဘောင်ပေါ်ကို မတက်မိဘဲ အောက်ကိုပြုတ်ကျသွားသတဲ့။

သူဌေးကြီးလည်း သူခိုးရဲ့ဖြစ်ပျက်ပုံအလုံးစုံကိုသိပြီး ခုတင်ဘေးနားမှာ ချိတ်ထားတဲ့ ဓားကို ထုတ်ယူကာ လဲနေတဲ့ သူခိုးဆီကိုရောက်လာခဲ့တယ်။

www.burmeseclassic.com



သူဌေးကြီးထွက်လာတာကို မြင်တော့ ကျန်တဲ့သူခိုးတစ်ယောက်လည်း ထွက်ပြေးသွားခဲ့တယ်။ လဲကျနေတဲ့ သူခိုးခေါင်းဆောင်ကတော့ မထနိုင်ဘဲ သူဌေးကြီးကို လက်အုပ်ချီ တောင်းပန်ကာ အဖမ်းခံလိုက်ရတော့သတဲ့။



## သားလိုးသမား ဝေစု

တစ်ခါတုန်းက အလွန်ဆာလောင်မွတ်သိပ်နေတဲ့ ဖားခုနစ်ကောင်ရှိခဲ့ကြတယ်။

သူတို့ဟာ အစာရှာဖို့အတွက် တောထဲ ကို ထွက်သွားကြသတဲ့။ အဲဒီလို အစာရှာရင်းနဲ့ တစ်နေရာရောက်တော့ သေနေတဲ့ တောဆိတ်တစ်ကောင်ကို ဝမ်းသာအားရတွေ့ ကြပါလေရော။

ဒါပေမယ့် ကံဆိုးချင်တော့ သူတို့ဆီမှာ လှီးဖြတ်စရာဘာမျှမရှိဘူးတဲ့။

အဲဒီအချိန်မှာ ကျားသစ်တစ်ကောင် ရောက်လာတယ်။ သူက သူ့မှာရှိတဲ့ လက်သည်းတွေနဲ့ ကုတ်ခြစ်လှီးဖြတ်ပေးတယ်။ ကျားသစ်ကအသားတွေကို ကုတ်ခြစ်လှီးဖြတ်ရင်း ကောင်းတဲ့ အသားစတွေကို သူ့အတွက် ဖယ်ထားသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ ပြောသေးတယ်။

“ဒါ သားလိုးသမားအတွက် ဝေစု”တဲ့။

ကျန်တဲ့ အရိုးတွေကိုပဲ ဖားခုနစ်ကောင်ကို ဝေစုခွဲပေးလိုက်တယ်။ အဲဒီတော့ ဆာလောင်မွတ်သိပ်နေတဲ့ ဖားတွေဟာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။

လောဘကြီးပြီး ရက်စက် ကြမ်းကြုတ်တဲ့သူ့ဆီမှာ အသနားခံလို့လဲ မရဘူးလေ။ ဖားခုနစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ကြည့်ပြီး မပြောနိုင်၊ မဆိုနိုင်ဖြစ်နေကြတာပေါ့။

ကျားသစ်ဟာ သူ့ရဲ့လုပ်ငန်းပြီးသွားတဲ့အခါ သစ်ရွက်တွေကို သွားရှာတယ်။

အသားတုံးတွေကိုထုပ်ပြီး သူ့အိမ်ယူသွားဖို့ပေါ့။ ကျားသစ်မရှိတော့တဲ့အခါ ဖားခုနစ်ကောင်ထဲက ဉာဏ်ရှိတဲ့ ဖားတစ်ကောင်က ဒီလိုပြောတယ်။

“ကဲ ကျားသစ်လိုးဖြတ်ထားတဲ့ အသားတုံးတွေလိုချင်ရင် ငါပြောတဲ့အတိုင်း လုပ်ကြ”

အဲဒီနောက် ဖားခြောက်ကောင်ကို အတွဲလိုက်သေနေဟန်ဆောင်ခိုင်းတယ်။ သူကတော့ ကျားသစ်ပြန်အလာကို စောင့်မျှော်နေသတဲ့။



ကျားသစ်ပြန်ရောက်လာတဲ့အခါ။

“လာ ... လာ ခင်ဗျားကို ကျွန်တော်စောင့်နေတာ” လို့ ပြောလိုက်တယ်။

ကျားသစ်က စိတ်ဆိုးစွာနဲ့ “ဘာလုပ်ဖို့လဲ”လို့ ပြန်မေးတယ်။

“တခြား ဖားတွေကတော့ အတွဲလိုက်သေနေကြပြီလေ။ ဒါကြောင့် ကျွန်တော်လည်း သူတို့လို သေမလို့ ခင်ဗျားကို စောင့်နေတာ”

အဲဒီစကားကိုကြားတော့ ကျားသစ်ဟာ ဘေးကိုလှည့်ကြည့်လိုက်တယ်။ ဖားခြောက်ကောင်ဟာ အတွဲလိုက် (သုံးစုံတွဲ) ပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး သေနေတာကို တွေ့ရတယ်။ အဲဒီတော့မှ ကျားသစ်လည်း ကြောက်လန့်ကာ သူရှာလာတဲ့ သစ်ရွက်တွေကိုယူပြီး အဝေးကိုထွက်ပြေးသွားသတဲ့။

အဲဒီအချိန်မှာမှ သေနေဟန်ဆောင်တဲ့ ဖားခြောက်ကောင်ဟာ ထလာကြတယ်။

သူတို့အချင်းချင်းလည်း ....

“သစ်ရွက်တွေက သားလိုးသမားအတွက် ဝေစုပေါ့”လို့ ပြောပြီး ရယ်မောကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တိုင်အောင်ပဲ ဖားတွေဟာ ကျားသစ်ကိုတွေ့ရင် ရယ်မောကြတုန်းပဲ ရှိတယ်တဲ့။

An efik folk tale ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်

📖

## အကြီးကျယ်ဆုံးသူ

တစ်ခါတုန်းက ခပ်ကြောင်ကြောင်လူတစ်ယောက်ရှိသတဲ့။

သူ့မှာမွေးထားတဲ့ ကြောင်သေးသေးလေး တစ်ကောင်ရှိတယ်။ အဲဒီလူက ကြောင်ကလေး ကြီးပြင်းလာရင် ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး၊ အခမ်းနားဆုံးသူကို သူ့ရဲ့ ကြောင်ကလေးပေးဖို့ စဉ်းစားမိသတဲ့။

အဲဒါနဲ့ပဲ မကြာခင်မှာ ကြောင်ကလေး ကြီးပြင်းလာတော့တယ်။ ကြီးလာတဲ့ ကြောင်ကလေးကို နေမင်းကြီးဆီ သွားပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြီးက "ဘာကြောင့် ဒီကြောင်ကိုယူလာရ သလဲ" လို့ မေးတော့ "အရှင် နေမင်းကြီးဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူ ဖြစ်တဲ့အတွက် ကြောင်ကလေးလာပေးခြင်း ဖြစ်ပါတယ်"လို့ ပြောသတဲ့။

အဲဒီအခါ နေမင်းကြီးဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဟာ သူမဟုတ်တဲ့အကြောင်း မိုးတိမ်ဖြစ်တဲ့ အကြောင်း။ မိုးတိမ်က သူ့ကို ကွယ်ထားရင် ဘာမျှလုပ်လို့မရတဲ့အကြောင်း ပြော ပြန်တယ်။

အဲဒါနဲ့ ကြောင်ကလေးကို မိုးတိမ်ဆီ သွားပေးပြန်သတဲ့။ မိုးတိမ်ဆီရောက်တော့ "ဘာကြောင့် ဒီကြောင်ကို ယူလာရသလဲ" လို့မေးသောအခါ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူကို ကြောင်ကလေး ပေးချင်တဲ့အတွက် ယူလာခဲ့ရခြင်းဖြစ်ကြောင်း ပြောပြန်တယ်။ အဲဒီအခါမှာ မိုးတိမ်က ကမ္ဘာပေါ်မှာ သူဟာ အကြီးကျယ်ဆုံးသူ မဟုတ်တဲ့အကြောင်း၊ အနောက်လေ ဖြစ်တဲ့အကြောင်း၊ အနောက် လေဟာ သူ့ကို လွင့်သွားအောင် မှုတ်နိုင်ကြောင်းပြောသတဲ့။

အဲဒါနဲ့ ကြောင်ကလေးကို အနောက်လေဆီ ယူသွားပြီး ပေးပြန်တယ်။

အနောက်လေက "ဘာဖြစ်လို့ သူ့ဆီကို ကြောင်ကလေး ယူလာရသလဲ" လို့ မေးတဲ့အခါ ကမ္ဘာပေါ်မှာ အကြီးဆုံးသူကို ကြောင်ကလေးပေးချင်တဲ့အတွက် ယူလာရကြောင်း ပြောသတဲ့။



အဲဒီအခါမှာ အနောက်လေက ကမ္ဘာပေါ်မှာ အကြီး ကျယ်ဆုံးဟာ သူ မဟုတ်တဲ့အကြောင်း၊ ခြတောင်ပို့ဖြစ်ကြောင်း ခြတောင်ပို့ကို လွင့်သွားအောင် သူ မမှုတ်နိုင်တဲ့အကြောင်း ပြော ပြန်တယ်။

အဲဒါနဲ့ ကြောင်ကလေးကို ခြတောင်ပို့ဆီယူသွားပြီး ပေးပြန်ရော။ ခြတောင်ပို့က "ဘာဖြစ်လို့ သူ့ဆီ ကြောင်ကလေး ယူလာရသလဲ" လို့မေးတော့ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူကို ကြောင်ကလေးပေးချင်ကြောင်း။ ခြတောင်ပို့က ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးဖြစ်လာတဲ့အတွက် ကြောင်ကလေးကို ယူလာ ရခြင်းဖြစ်ကြောင်းပြောသတဲ့။ အဲဒီအခါမှာ ခြတောင်ပို့က ကမ္ဘာ ပေါ်မှာ အကြီးကျယ်ဆုံးဟာ သူမဟုတ်တဲ့အကြောင်း၊ ကျွဲညိုကြီး ဖြစ်တဲ့အကြောင်း ကျွဲညိုကြီးဟာ သူ့ကို ခြေထောက်နဲ့ ကန် ကျောက်နိုင်ကြောင်း ပြောပြန်တယ်။

အဲဒါနဲ့ ကျွဲညိုကြီးဆီ ကြောင်ကလေးကို ယူသွားပြီး ပေးပြန်တယ်။

ကျွဲညိုကြီးက အကျိုးအကြောင်းမေးတဲ့အခါ ကမ္ဘာပေါ် မှာ အကြီးကျယ်ဆုံးသူကို ကြောင်ကလေးပေးချင်တဲ့အတွက် ယူလာရခြင်းဖြစ်ကြောင်းပြောတော့ ကျွဲညိုကြီးက ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးဟာ ကျားသစ်ဖြစ်တဲ့အကြောင်း၊ ကျားသစ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျွဲတွေကို ကိုက်ချီသွားပြီး စားသောက်နိုင်ကြောင်း ပြောပြခဲ့တယ်။

အဲ့ဒါနဲ့ ကြောင်ကလေးကို ကျားသစ်ဆီ ယူသွားပြီးပေးပြန်ရော။ ကျားသစ်က "ဘာကြောင့် သူ့ကို ကြောင်ကလေးကို ပေးရသလဲ" လို့ မေးတဲ့အခါ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူကို ကြောင်ကလေးပေးချင်တဲ့အတွက် ယူလာခဲ့ရခြင်း ဖြစ်ကြောင်း ပြောတော့ ကျားသစ်က ကြောင်ကလေးကို သူ့အမေကြောင်မကြီးဆီကိုသာ ပြန်ပို့စေလိုကြောင်း၊ ကြောင်တွေဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးဖြစ်ကြောင်း၊ သူ့ကို သစ်ပင်တက်နိုင်အောင် ကြောင်က သင်ပေးခဲ့တာဖြစ်ကြောင်း၊ ဒါပေမဲ့ သစ်ပင်ပေါ်မှ ဘယ်လိုဆင်းရမလဲဆိုတာကို မသိတဲ့အကြောင်း၊ မသင်ခဲ့မိကြောင်း ကြောင်တွေကသာ သစ်ပင်ပေါ်ကို ကျွမ်းကျင်စွာ တက်နိုင်ဆင်းနိုင်တဲ့အတွက် ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးဖြစ်ကြောင်း ပြောသတဲ့။

အဲ့ဒါနဲ့ပဲ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူကို ပေးချင်တဲ့ ကြောင်ပိုင်ရှင်ဟာ နောက်ဆုံးတော့ သူ့ကိုပြန်ပြီး ကြောင်ကလေးရဲ့အမေ ကြောင်မကြီးဆီကို ကြောင်ကလေးပြန်ပေးလိုက်ရသတဲ့။

STORIES FROM CEYLON မှ THE FOOLISH MAN AND HIS KITTEN'

## ဘိုဝနှင့်ပန်းပဲဖို

တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန် ပျင်းရိပြီး အလုပ်မကြိုးစားတဲ့ လူသန်ကြီး တစ်ယောက် ရှိသတဲ့။

သူ့ နာမည်ကတော့ ဘိုဝလို့ ခေါ်သတဲ့။

တစ်နေ့တော့ သူဟာ ဈေးထဲကို သွားရင်းနှင့် ပန်းပဲဖိုတစ်ခုကို ရောက်သွားတယ်။ သူဟာ ပန်းပဲသမားအလုပ် လုပ်နေတာကို ကြည့်ရင်းနှင့် တွေးမိသတဲ့။

"ဒီလုပ်ငန်းဟာ အမြတ်အစွန်းရပြီး လွယ်တဲ့လုပ်ငန်းပဲ၊ သံရယ်၊ ပန်းပဲတူရယ် ရှိရင် အားလုံးဖြစ်နိုင်တယ်၊ ငါဟာလို့ ပန်းပဲသမား မလုပ်နိုင်ရမှာလဲ"





www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးမိသတဲ့။

အဲဒီနောက် ဘိုဝတာ ဈေးအလယ်မှာ နေရာတစ်ခု ငှားရမ်းပြီး ပန်းပဲ အလုပ်ကို လုပ်ကိုင်ခဲ့တယ်။

မကြာခင်မှာဘဲ လယ်သမား တစ်ယောက်ဟာ သံစ တစ်ခုကို ယူလာပြီး ဘိုဝ ဆီကို ရောက်လာခဲ့တယ်။

"ခင်ဗျား ဒီသံစနှင့် ထွန်းသွားလုပ်ပေးလို့ရမလား"

"ဪ ထွန်းသွားလား၊ ရပါတယ်၊ ကျွန်တော်လုပ်ပေးပါ့မယ်"

လယ်သမားလည်း သံစကို ချထားပြီး ထွက်သွားခဲ့တယ်။ ဘိုဝလည်း လယ်သမား ပေးခဲ့တဲ့ သံစနှင့်ထွန်သွား ဖြစ်အောင် လုပ်သတဲ့။

ဒါပေမယ့် ထွန်သွားလုပ်လို့ မရဘူး ဖြစ်နေသတဲ့။

နောက်တစ်နေ့ မနက်ကျတော့ လယ်သမား ပြန်ရောက်လာပြန်တယ်။

"ဘယ်လိုလဲ၊ ထွန်သွား ပြီးသွားပြီလား"

"ဟာ ခင်ဗျားသံက ထွန်းသွား လုပ်လို့ မရပါဘူး"

"ဒါဖြင့် ဘာလုပ်ရင် ရမလဲ"

"ပုဆိန်တော့ ဖြစ်နိုင်တယ်"



"ကောင်းပြီ၊ ဒါဖြင့်ရင် ကျွန်တော်ကို ပုဆိန်ပဲ လုပ်ပေးပါ" လို့ လယ်သမားက ပြောပြန်တယ်။

လယ်သမား ပြန်သွားပြီးနောက် ဘိုဝလည်း ပုဆိန်လုပ်ဖို့ ကြိုးစားသတဲ့။ ဒါပေမယ့် ပုဆိန်လည်း ဖြစ်မလာပြန်ဘူး။

နောက်တစ်နေ့ မနက်ကျတော့ လယ်သမားက ရောက်လာပြန်ရော။ ဘိုဝဟာ ပန်းပဲဖိုရဲ့ အဝမှာ လယ်သမားကို လက်ခံတွေ့ဆုံတယ်။

"ခင်ဗျားရဲ့ သံဟာ ပုဆိန်လည်း မဖြစ်ဘူးဗျ၊ တံစဉ်တော့ လုပ်လို့ ရမယ်"

"ကောင်းတာပေါ့ဗျာ၊ ဒါဖြင့် တံစဉ်ပဲ လုပ်ပေးပါတော့"

ဘိုဝလည်း တံစဉ်လုပ်ဖို့ လုပ်ငန်းစပြန်သတဲ့။

ဒါပေမယ့် တံစဉ်လည်း ဖြစ်မလာခဲ့ပြန်ဘူး။ နောက်တစ်နေ့ကျတော့ လယ်သမားရောက်လာပြန်တယ်။

"ဘယ်လိုလဲ၊ တံစဉ်ပြီးသွားပြီလား"

"တံစဉ်လည်း လုပ်လို့ မရပါဘူးဗျာ၊ ယောက်ချိုဖွန်းတော့ လုပ်လို့ရမယ် ထင်တယ်"

"ကောင်းပြီ၊ ဒါဖြင့်လည်း ယောက်ချိုဖွန်း လုပ်ပေါ့ဗျာ" လို့ ပြောပြီး လယ်သမားလည်း ပြန်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုဝလည်း နေ့ကနေ ညအထိ ယောက်ချိုဖွန်းဖြစ်လာဖို့ [illegible]ပြင်သတဲ့။ နောက်တစ်နေ့ မနက်ကျတော့ လယ်သမား ရောက်လာပြီး မေးပြန်ရော။

"ကျွန်တော့်ရဲ့ ယောက်ချိုဖွန်း အဆင်သင့်ဖြစ်ပြီလား ဗျို"

"ဟာ မရပါဘူးဗျာ။ မီးညှပ်တော့ လုပ်လို့ရမယ်ထင် တယ်"

"ကောင်းပြီလေ၊ မီးညှပ်ပဲလုပ်ပေါ့ဗျာ"

နောက်တစ်နေ့ မနက်ကျတော့ လယ်သမားရောက် လာပြန်သတဲ့။

"မီးညှပ်လုပ်လို့ ရပြီလား"

"မီးညှပ်တော့ လုပ်လို့ မရပါဘူးဗျာ"

"ဒါဖြင့် ဘာလုပ်လို့ ရမလဲ"

"ဓားတစ်ချောင်းတော့ ဖြစ်နိုင်တယ်"

"သိပ်ကောင်းတာပေါ့၊ ဓားပဲ လုပ်တော့ဗျာ"

နောက်တစ်နေ့ မနက်ကျတော့ လယ်သမားပြန်ရောက် လာပြီး မေးပြန်တယ်။

"ဘယ်လိုလဲ၊ ဓားလုပ်လို့ပြီးပြီလား"

"ဓားလည်း လုပ်လို့ မရပါဘူးဗျာ"



"ဒါဖြင့် ကျွန်တော့်သံက ဘာမှလုပ်လို့ မရတော့ဘူး လား"

"တစ်ခုခုတော့ လုပ်လို့ ရရမှာပေါ့ဗျာ"

"ကဲဗျာ၊ အဲဒီတစ်ခုခုကို မြန်နိုင်သမျှ မြန်အောင်လုပ်ပေး ဗျာ"

လယ်သမားလည်း အဲဒီလိုပြောပြီး ထွက်သွားခဲ့တယ်။ နောက်တစ်နေ့မနက်ကျတော့ ပြန်ရောက်လာပြန်ရော။

"ဘယ်လိုလဲဗျို့၊ ကျွန်တော့်အတွက် တစ်ခုခုလုပ်လို့ ပြီးသွားပြီလား"

ဘိုဝက ...

"အချိန်အတော်ကြာသွားတယ်"လို့ ပြောသတဲ့။

"ကောင်းပါပြီဗျာ။ ကျွန်တော့် ပစ္စည်းသာပေးပါတော့"

"ခဏစောင့်ပါဦးဗျာ"

လို့ ဘိုဝက ပြန်ပြောတယ်။

အဲဒီနောက် နီရဲနေတဲ့ သံစကလေးတစ်စကို ရေထဲ ပစ်ချလိုက်တယ်။

အဲဒီအခါမှာ" ရှဲ "ဆိုတဲ့ အသံကို ကြားရသတဲ့။

"ကဲ ခင်ဗျား " ရှဲ "ဆိုတဲ့ အသံ မကြားရဘူးလား။ အဲဒါ ခင်ဗျား သံကနေဖြစ်တာပေါ့ဗျာ"လို့ ဘိုဝက လယ်သမား ကိုပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားလည်း ဘာမျှပြောမနေတော့ဘဲ လှည့်ပြီး ထွက်သွားခဲ့တယ်။ အဲဒီအခါမှာ ဘိုဝက နောက်ကနေပြီး

"ဟော့လူ ခဏနေပါဦးဗျ"လို့ လှမ်းခေါ်သတဲ့။

လယ်သမားက ပြန်လှည့်ကြည့်တဲ့အခါ ...

"ဘယ်မှာလဲဗျ၊ ကျွန်တော့်အတွက် လုပ်ခ မပေးတော့ဘူးလား"

လို့ မေးပြန်တယ်။

အဲဒီအခါ လယ်သမားက သူ့ရဲ့ အကျီအိတ်ထဲကို လက်နှိုက်လိုက်တယ်။ ဒါပေမယ့် ဘာပိုက်ဆံမျှ မထုတ်ဘဲ အကျီအိတ်ကို လှုပ်လိုက်တဲ့အခါ အိတ်ထဲကနေ ငွေအကြွေတွေက တချွမ်ချွမ်မြည်ကြတာပေါ့။

နောက်ပြီး လယ်သမားက ဘိုဝကို ပြောလိုက်သတဲ့။

"ကဲ ချွမ်ချွမ်ဆိုတဲ့အသံ ကြားတယ် မဟုတ်လား၊ အဲဒါ ခင်ဗျားရဲ့ လုပ်ခပေါ့ဗျာ"လို့ ပြောပြီး ထွက်သွားပါတော့တယ်။

[၁၉၇၃-ခုနှစ် Sputnik (junior) စာအုပ်ပါ ဥဘောတ်ပုံပြင် တစ်ပုဒ်ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ် ]

## ကြောင်ရုပ်ဆွဲတဲ့ မောင်ငယ်

ကလေးတို့ရေ ဟိုးရှေးရှေးတုန်းက ရွာကလေးတစ်ရွာမှာ အလွန်ဆင်းရဲတဲ့ လယ်သမားမိသားစု တစ်စု နေထိုင်ကြသတဲ့။ အဲဒီ မိသားစုမှာ ကလေးတွေလည်း အများကြီးရှိပြီး အစားအစာလည်း လုံလောက်အောင် မစားနိုင်ရှာကြဘူး။

ဒါကြောင့် အကြီးဆုံးကလေး အသက် ၁၄–နှစ်အရွယ် ရောက်လာတော့ သူတို့ အဖေကို ကူညီဖို့ အလုပ်လုပ်ရသတဲ့။

မိန်းကလေးတွေဆိုရင် လည်း အမေဖြစ်သူကို ကူညီပြီး လုပ်ကိုင်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အငယ်ဆုံးကလေးကတော့ အလုပ်လုပ်နိုင်ဖို့ ကိုယ်ခန္ဓာသန်စွမ်းမှု မရှိသေးဘူး။ သူကလေးရဲ့ နာမည်ကတော့ မောင်ငယ်လို့ ခေါ်အတဲ့ကွယ်။

မောင်ငယ်ကလေးဟာ သူတို့ မောင်နှမတွေ အားလုံးထဲမှာ လိမ္မာရေးခြားအရှိဆုံး ကလေးပဲ ဖြစ်တယ်။ ဒါပေမယ့် သူဟာ ခွန်အားနည်းပြီး သေးကွေးတဲ့ လူကလေးတစ်ယောက်ပဲ ဖြစ်တယ်။ ဒီ့အပြင် လူတွေက သူ့ကိုကြည့်ပြီး ဘယ်တော့မှ ကြီးထွားလာမယ့် ကလေး မဟုတ်ဘူး လို့ ဆိုကြတယ်။ ဒါကြောင့် မောင်ငယ်ကလေးရဲ့ မိဘတွေက မောင်ငယ်ကလေးဟာ ဘယ်တော့မှ လယ်သမားဖြစ်လာမယ့်သူ မဟုတ်ဘူးလို့ တွေးမိကြတယ်။

တစ်နေ့တော့ မောင်ငယ်ကလေး ရဲ့အဖေနဲ့ အမေက မောင်ငယ်ကလေးကို ရွာဦးကျောင်းဆရာတော်ဆီ ခေါ်သွားကြတယ်။ ဆရာတော်ဟာ ရွာဦးကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးနေတဲ့ ဘုန်းတော်ကြီး တစ်ပါးပါပဲ။ ဆရာတော့်ဆီမှာ မောင်ငယ်ကလေးကို အပ်နှံပြီး ပညာသင်ပေးဖို့ လျှောက်ထားသတဲ့။

မောင်ငယ်ကလေးရဲ့ မိဘတွေက မောင်ငယ်ကလေးကို ကြီးပြင်းလာတဲ့အခါ ဘုန်းတော်ကြီးလိုမဲ ရဟန်းသံဃာ အဖြစ်



မြင်တွေ့လိုသတဲ့ကွယ်။ မောင်ငယ်ကလေးကိုလည်း လိမ်လိမ်မာမာနဲ့ ပညာသင်ဖို့ ဘုန်းတော်ကြီးရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင် ပေးဖို့ ပြောဆိုဆုံးမသတဲ့။

မောင်ငယ်ကလေးဟာ ဘုန်းကြီးကျောင်း မရောက်ခင် စာပေကို လေ့လာသင်ကြားပြီး ကြိုးစားလေ့လာခဲ့တဲ့ အတွက် ဘုန်းတော်ကြီးမေးတဲ့ မေးခွန်းတွေကိုလည်း ချက်ချက်ချာချာနဲ့ ဖြေနိုင်တဲ့အတွက် ဘုန်းတော်ကြီးက သဘောကျသတဲ့။

ဘုန်းတော်ကြီးကျောင်း ရောက်တဲ့အခါ မောင်ငယ်ကလေးဟာ ဘုန်းတော်ကြီးသင်ကြားပေးတဲ့ စာပေတွေကို ကြိုးကြိုးစားစား သင်အံ ဖတ်မှတ်သတဲ့။

ဘုန်းတော်ကြီးပြောသမျှကိုလည်း လေးလေးစားစားနဲ့ နာယူပြီး လုပ်စရာရှိတဲ့ ဝေယျာဝစ္စတွေကိုလည်း သေသေချာချာနဲ့ လုပ်ကိုင်ပေးသတဲ့။

မောင်ငယ်ကလေးဟာ ပြောစရာမလိုအောင် လိမ္မာရေးခြားရှိပေမယ့် သူ့မှာ အပြစ်တစ်ခုတော့ ရှိနေတယ်။ အဲဒီအပြစ်ကတော့ ကြောင်ရုပ်တွေကို နေရာတကာမှာ ရေးဆွဲတတ်တဲ့ ဝါသနာရှိနေတာပါပဲ။

သူဟာ တစ်ယောက်တည်း ရှိနေတဲ့အချိန် ဘာမှ လုပ်စရာ မရှိတဲ့အခါ ကြောင်ရုပ်တွေကို ဆွဲနေတတ်တယ်။ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရဲ့နေရာအားလုံးမှာ ကြောင်ရုပ်တွေဆွဲတတ်သလို ဘုန်းတော်ကြီး သင်ကြားပေးတဲ့စာတွေကို မှတ်ရတဲ့ စာအုပ်တွေပေါ်မှာလည်း ကြောင်ရုပ်ဆွဲတတ်တယ်။

အကြိမ်ပေါင်းများစွာ ဘုန်းတော်ကြီးက မောင်ငယ်ကလေးကို ကြောင်ရုပ်တွေ မဆွဲဖို့ တားမြစ်တယ်။

ဒါပေမယ့် မောင်ငယ်ကလေးက အဲဒါကို အမှတ်မထားဘဲ နေရာတကာမှာ ကြောင်ရုပ်တွေကို ဆွဲမြဲ ဆွဲနေသတဲ့။ မောင်ငယ်ကလေးက ပန်းချီဆရာဖြစ်ဖို့ ပါရမီပါလာသလား မဆိုနိုင်ဘူး။

တစ်ခါတော့ မောင်ငယ်ကလေးဟာ စာရွက်ဖြူတစ်ရွက်ပေါ်မှာ ကြောင်ရုပ်တစ်ရုပ် ဆွဲနေတယ်။

အဲဒီအခါမှာ ဘုန်းတော် ကြီးက "မောင်ငယ်၊ မင်း ဘယ်တော့မှ ဘုန်းကြီးဖြစ်လာမယ့် သူ မဟုတ်ဘူး။ အဲဒီတော့ မင်း ငါ့ကျောင်းမှာဆက်နေလို့လည်း အပိုပါပဲ။ မင်း ... ငါ့ကျောင်းကနေ အမြန်ဆုံး သွားပေတော့၊ မင်းအနေနဲ့ ပန်းချီဆရာကြီး တစ်ယောက်တော့ ဖြစ်လာနိုင်ပါတယ်။ မင်းကို နောက်ဆုံးအနေနဲ့ စကားတစ်ခွန်း မှာလိုက်မယ်။ သေသေချာချာသာ မှတ်ထား "ညအခါမှာ နေရာကျယ်ကျယ်ကို ရှောင်၊ နေရာအကျဉ်းကိုဆောင်"တဲ့၊ ကဲ ... သွားပေတော့"





လို့ မိန့်လိုက်သတဲ့။

မောင်ငယ်ကလေးဟာ ဘုန်းတော်ကြီး မိန့်မှာလိုက်တဲ့ "နေရာကျယ်ကျယ်ကို ရှောင်၊ နေရာ ကျဉ်းကျဉ်းကို ဆောင်" ဆိုတာကို ဘာဆိုလိုမှန်း နားမလည်ဘူးတဲ့။ စဉ်းစားရင်း စဉ်းစားရင်းနဲ့သာ ခေါင်းတွေ ချာချာလည်သွားတယ်။

အဲဒီစကားရဲ့ အဓိပ္ပာယ် ကို ဖော်လို့မရဘူး ဖြစ်နေတယ်။ မောင်ငယ်ကလေးဟာ သူ့ရဲ့ ရှိတဲ့ အဝတ်အစားတွေကို ပုဆိုးတစ်ခုထဲစုထည့်ပြီး ဘုန်းတော်ကြီးကို ကန်တော့ကာ ကျောင်းပေါ်က ဆင်းလာခဲ့တယ်။

မောင်ငယ်ကလေးဟာ ဘုန်းကြီးကျောင်းက ဆင်းလာတဲ့အခါ ဘယ်ကိုသွားရမှန်းမသိဘဲ ဖြစ်နေတယ်။

အိမ်ကိုလည်း မပြန်ရဲရှာဘူး။ အိမ်ကိုပြန်ရင် မိဘတွေက ဆူမှာကို တွေးပြီး ဒိုးရိမ်နေသတဲ့။

ဒါနဲ့ ခြေဦးတည့်ရာ ထွက်လာတဲ့အခါ ရွာကြီး တစ်ရွာကို ရောက်လာခဲ့တယ်။

ရွာကိုရောက်တဲ့ အခါမှာတော့ မှောင်စပျိုးနေပြီပေါ့။ မောင်ငယ်ကလေးလည်း ရွာထိပ်မှာတွေ့တဲ့ အိမ်ကြီးတစ်အိမ်ကို ဝင်ပြီး တစ်ညတာ အိပ်စက်အနားယူဖို့ စိတ်ကူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဲဒီအိမ်ကြီးဟာ သရဲခြောက်တယ်လို့ နာမည်ကြီးပြီး ဘယ်သူမှ မနေရတဲ့ အိမ်ကြီးဖြစ်နေသတဲ့။ တချို့ ရဲရွှမ်းသတ္တိ ရှိတဲ့သူတွေက အိမ်ထဲဝင် စူးစမ်းကြည့်ကြတယ်။

ဒါပေမယ့် သူတို့ကို နောက်တစ်နေ့ကျတော့ အသက်ရှင်လျက် မတွေ့ရဘဲ သေဆုံးနေတာကိုသာ တွေ့ကြရတယ်။

မောင်ငယ်ကလေးဟာ ဘာမှမသိတော့ အိမ်ကြီးရဲ့ တံခါးကိုခေါက်ပြီး . . .

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

လို့ ခေါ်လိုက်တယ်။ အိမ်ထဲက ဘယ်သူမှ ပြန်ထူးသံကို မကြားရတော့ မောင်ငယ် ကလေးဟာ တံခါးကို တွန်းဖွင့်လိုက်တယ်။ တံခါးကို အထဲကနေ မင်းတုံးထိုးထားခြင်း မရှိတဲ့အတွက် တံခါးဟာ အလွယ်တကူ တွန်းဖွင့်ရုံနဲ့ ပွင့်သွားတာကို တွေ့ရတယ်။

အထဲထဲမှာတော့ မှောင်မည်းနေတာပေ့။ မောင်ငယ်ကလေးဟာ သူ့မှာ အသင့်ပါလာတဲ့ မီးခြစ်နဲ့ ဖယောင်းတိုင်ကို ထုတ်ပြီး မီးထွန်းလိုက်တယ်။

အိမ်ကြီးထဲမှာတော့ ဖုံတွေ၊ အမှိုက်တွေနဲ့ ရှုပ်ပွနေတာပေ့။ ဒါပေမယ့် တံမြက်စည်းတစ်ချောင်းလည်း အသင့်တွေ့လိုက်ရတယ်။





မောင်ငယ်ကလေးဟာ အသင့်တွေ့တဲ့ တံမြက် စည်းနဲ့ ဖုံတွေ၊ အမှိုက်တွေကို ရှင်းလင်းပစ်လိုက်တယ်။ အဲဒီ နောက်မှာ အနားမှာရှိတဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး တစ်ယောက်ယောက်များ ပြန်လာဦးမလားလို့ ထိုင်စောင့်နေသတဲ့။

ဘယ်သူမှ မတွေ့တဲ့အခါ မောင်ငယ်ကလေးရဲ့ မဖျောက်နိုင်တဲ့ အကျင့်က ပေါ်လာပြန်တယ်။ အဲဒါကတော့ ရှင်းလင်းသွားတဲ့ ကြမ်းပေါ်မှ ကြောင်ရုပ်ရေးဆွဲချင်တဲ့စိတ် ဖြစ်ပေါ်လာတာပါပဲ။

မောင်ငယ်ဟာ ကြမ်းပြင်ပေါ်မှာ ကြောင်ရုပ်အကြီးကြီး တစ်ခုကို ရေးဆွဲလိုက်တယ်။ ပြောင်သလင်းခါနေတဲ့ ကြမ်းပြင်ပေါ်မှာ မောင်ငယ် ရေးဆွဲလိုက်တဲ့ ကြောင်ရုပ်ကြီး အထင်းသား ပေါ်လာတယ်။

ကြောင်ရုပ် ဆွဲပြီးတဲ့အခါ မောင်ငယ်ဟာ အိပ်ချင်စိတ်တွေ တဖွားဖွား ဖြစ်လာပြန်သတဲ့။ အိပ်ရမယ့်နေရာကတော့ အများကြီးပါပဲ။

ဒါပေမယ့် မောင်ငယ်ဟာ ဘုန်းတော်ကြီး မှာကြား လိုက်တဲ့ "ညဘက်မှာ နေရာကျယ်ကျယ်ကို ရှောင်၊ နေရာ အကျဉ်းကိုဆောင်" ဆိုတဲ့ စကားကို သွားပြီး အမှတ်ရလိုက်တယ်။ ဒါနဲ့ နေရာ အကျယ်ကြီးရှိတဲ့ ကြမ်းပြင်ပေါ်မှာမအိပ်ဘဲ အနားမှာရှိတဲ့ ဗီရိုကြီးတစ်ခုရဲ့ အထဲမှာ ဝင်ပြီးအိပ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုကြီးဟာ မောင်ငယ်ကလေး တစ်ကိုယ်စာသာ ကျယ်ဝန်းတယ်။ မောင်ငယ် ဟာ ဗီရိုကြီးရဲ့ အထဲမှာ ဝင်အိပ်ပြီး ဗီရိုကြီးရဲ့ တံခါးကိုလည်း အတွင်းကနေ ပိတ်လိုက်တယ်။

မောင်ငယ်ဟာ နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားသတဲ့။ ညဦးယံရောက်တော့ တစ်ရေးနိုးတဲ့လာတဲ့အခါ ဗီရိုကြီးရဲ့ အပြင်ဘက်မှာ တိုက်ခိုက်နေတဲ့ အသံတွေကို ကြားရသတဲ့။ မောင်ငယ်လည်း ဗီရိုကြီးရဲ့ အက်ကွဲကြောင်းကနေ အပြင်ဘက်ကို ကြည့်လိုက်တဲ့အခါ ဘာကောင်မှန်းမသိတဲ့ အကောင်ကြီး တစ်ကောင်ဟာ ကြမ်းပြင်ကို ကုတ်ခြစ်နေတာကို တွေ့ရတယ်။ အိမ်ကြီးတစ်ခုလုံးလည်း အဲဒီအကောင်ကြီးရဲ့ ကုတ်ခြစ်မှုကြောင့် တုန်ခါနေသတဲ့။

မောင်ငယ်လည်း ကြောက်ကြောက်လန့်လန့်နဲ့ ဗီရိုထဲမှာ ပုန်းအောင်းနေရှာတယ်။ နောက်တော့ အသံတွေ လည်း တိတ်ဆိတ်သွားတယ်။

ဒါပေမယ့် မောင်ငယ်ဟာ ကြောက်ရွံ့ထိတ်လန့်နေလို့ အပြင်ကို ထွက်မကြည့်ရဲဘူး။

မနက်မိုးလင်းတော့ နေရောင်ခြည်ဟာ ဗီရိုရဲ့အက်ကွဲကြောင်းကလေးကနေ မောင်ငယ်ရဲ့ မျက်နှာပြင်ပေါ် ကျရောက်လာတယ်။



မောင်ငယ်လည်း ပုန်းအောင်းနေရာကနေ အပြင်ကို ထွက်ကြည့်လိုက်သတဲ့။ အဲဒီအခါမှာ မြင်လိုက်ရတာကတော့ ရောမ ကြီးမားတဲ့ ကြွက်ကြီးတစ်ကောင်ဟာ ကြမ်းပြင်ပေါ်မှာ လဲကျပြီးသေဆုံးနေတာကိုတွေ့ရတယ်။ ကြမ်းပြင်ပေါ်မှာလည်း ကြွက်ကြီးရဲ့သွေးတွေနဲ့ ပေကျံနေတာပေါ့။ ကြွက်ကြီးရဲ့ အရွယ်အစား ဘယ်လောက်ကြီးမားသလဲ ဆိုရင် နွားကြီး တစ်ကောင်ထက်တောင် ပိုပြီးကြီးမားသတဲ့။

မောင်ငယ်လည်း အခြေအနေကို နားလည်သွားတယ်။ တကယ်တော့ ကြွက်ကြီးဟာ မောင်ငယ်ရေးဆွဲခဲ့တဲ့ ကြောင်ရုပ် ကြီးကို တကယ့်ကြောင်အမှတ်နဲ့ တိုက်ခိုက်ရင်းက သေဆုံးသွား တာပဲ ဖြစ်တယ်။

အဲဒီအချိန်မှာ ပညာရှိတဲ့ ဘုန်းတော်ကြီးရဲ့ "နေရာ ကျယ်ကျယ်ကို ရှောင်၊ နေရာ အကျဉ်းကိုဆောင်" ဆိုတဲ့ စကား ရဲ့ အဓိပ္ပာယ်ကို သေသေချာချာ သိရှိသွားတော့တယ်။ ဘုန်းတော်ကြီးရဲ့ မိန့်မှာချက်အတိုင်း ကျင့်သုံးခဲ့တဲ့ မောင်ငယ် ဟာ အသက်ဘေးအန္တရာယ်က ကင်းလွတ်ခဲ့တာပဲ ဖြစ်ပါတယ်။

သရဲခြောက်တဲ့ အိမ်ကြီးကလည်း မောင်ငယ်ရဲ့ ကျေးဇူး ကြောင့် နာမည်ဆိုးကနေ ကင်းလွတ်လာပြီး မောင်ငယ်ကိုလည်း အဲဒီရွာက လူတွေက အထူး ကျေးဇူးတင်ကြသတဲ့။ မောင်ငယ် ကိုလည်း ရွာမှာနေထိုင်ဖို့ တောင်းပန်ပြောဆိုကြတယ်။ မောင်ငယ်





www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီရွာမှာနေထိုင်ရင်းက အရုပ်တွေ ရေးဆွဲရင်းနဲ့ နာမည်ကျော်ကြား လူသိများထင်ရှားတဲ့ ပန်းချီဆရာကြီးတစ်ဦး ဖြစ်လာခဲ့တယ်။ မောင်ငယ် ရေးဆွဲတဲ့ ကြောင်ရုပ်တွေ အများအပြားကို နေရာ အနှံ့အပြားမှာ တွေ့နိုင်သတဲ့ကွယ်။

အညွှန်း- Lafcadio Hearn ၏ "The Boy Who wrote Cats" ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်၊



## တရားမျှတတဲ့ ခွဲဝေမှု

ကလေးတို့ရေ ...

တစ်ခါတုန်းက လမ်းမကြီးတစ်ခုရဲ့ ဘေးနားမှာ ဆင်းရဲသားနှစ်ယောက်ဟာ ထိုင်ပြီးနားနေကြသတဲ့။

သူတို့ဆီမှာ စား စရာဆိုလို့ ချာပါတီရှစ်ချပ်ပဲ ရှိသတဲ့။ ချာပါတီဆိုတာကတော့ အိန္ဒိယတိုင်းရင်းသားတွေ စားတဲ့ စားစရာ ဟင်းမျိုးပဲ။

အဲဒီ ချာပါတီ ရှစ်ချပ်ကလည်း တစ်ယောက်ကသုံးချပ်ပိုင်ပြီး တစ်ယောက်ကတော့ ငါးချပ်ပိုင်သတဲ့။

သူတို့နှစ်ဦးသား စားသောက်ကြမယ်လို့ ပြင်ဆင်နေကြတုန်း ချမ်းသာကြွယ်ဝတဲ့ လူငယ်တစ်ဦးဟာ မြင်းစီးပြီး ရောက်ရှိလာသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူက သူတို့နှစ်ဦးကို အရိုအသေပေးပြီး ယဉ်ကျေးစွာ ပြောဆိုလိုက်တယ်။

''မင်္ဂလာပါပဲဗျာ''

''မင်္ဂလာပါဆရာ''

လို့ သူတို့ကလည်း ပြန်ပြီးနှုတ်ဆက်လိုက်သတဲ့။

''ကျွန်တော်တို့နဲ့အတူတူ သုံးဆောင်ပါဦးလား ခင်ဗျာ'' လို့ ဖိတ်မန္တက ပြုလိုက်တယ်။

''ကျေးဇူးပါပဲဗျာ။ ဒါပေမယ့် ခင်ဗျားတို့ စားမှာကို လုစားသလို ဖြစ်နေပါဦးမယ်''

လို့ လူငယ်က ဆိုပြန်သတဲ့။

''ဒီလို မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ အားလုံးအတွက် လုံလောက်ပါတယ်''

အဲဒီနောက်မှာတော့ လူရွယ်ဟာ မြင်းပေါ်ကနေ ဆင်း သက်လာပြီး သူတို့အနားမှာ ထိုင်လိုက်ပါတယ်။

နောက်တော့ သုံးဦးသား ချာပါတီကို အညီအမျှခွဲဝေပြီး စားသောက်ကြပါတယ်။

စားသောက်လို့ ပြီးစီးသွားတဲ့အခါမှာတော့ လူငယ်က ခရီးဆက်ထွက်သွားပါတယ်။ ဒါပေမယ့် မြင်းပေါ်မတက်ခင်မှာ သူ့ရဲ့ မိုက်ဆံအိတ်ထဲက အသပြာငွေရှစ်ပြားကို ရေတွက်လိုက် တယ်။



ပြီးတော့ အခုလို ဆိုသတဲ့။

''ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ။ ခင်ဗျားတို့စားမယ့် ချာပါ တီထဲက ခွဲဝေပြီး ကျွေးတဲ့အတွက် ဒါလေးတော့ လက်ခံပါလား ဗျာ''

ဆင်းရဲသားနှစ်ဦးက ငြင်းဆိုပြီးတော့ ပြောပြန်တယ်။

''ကျွန်တော်တို့ရဲ့ နုံချာလှတဲ့ အစားအစာအတွက် ပေး စရာမလိုပါဘူးဗျာ။ ကျွန်တော်တို့နဲ့အတူ စားသောက်တဲ့အတွက် ပဲ ဝမ်းသာလှပါပြီ''

ဒါပေမယ့် သူတို့ရဲ့စကားကို လူငယ်က နားထောင်ခြင်း မပြုပါဘူး။ သူတို့စကားတစ်ခွန်းမှ ပြန်မပြောနိုင်ခင်မှာဘဲ အသပြာ ကို ပေးခဲ့ပြီး မြင်းကိုဒုန်းစိုင်းကာ အဝေးကိုထွက်ခွာသွားပါတော့ တယ်။

နောက်တော့ သူတို့နှစ်ဦးသား အသပြာငွေရှစ်ပြားကို ခွဲဝေကြသတဲ့။ တစ်ဦးက ဒီလိုဆိုပါတယ်။

''လွယ်လွယ်လေးပါပဲဗျာ။ ကျွန်တော့်မှာ ချာပါတီငါးချပ် ရှိတယ်။ ဒီတော့ ကျွန်တော်က အသပြာငွေ ငါးပြားယူမယ်။ ခင်ဗျားမှာ ချာပါတီသုံးချပ်ရှိတော့ အသပြာငွေ သုံးပြားယူပေါ့''

နောက်တစ်ဦးကတော့ ငြင်းဆိုပြီး ပြောပြန်သတဲ့။

''မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ စဉ်းစားဖို့က အညီ အမျှ ခွဲဝေစားသောက်ကြတာပဲ။ ဒီတော့ တစ်ယောက်ကို အသပြာ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ခွဲဝေယူကြတာပေါ့။ ကျွန်တော်တို့ နှစ်ဦးသား ဒီခရီး [illegible]ကို အတူတူ ညှိခံခဲ့ကြတာပဲ မဟုတ်လား''

[illegible] ပညာမပြောခဲ့တဲ့လူက ဒီအစီအစဉ်ကို သဘော [illegible]နိုင်တဲ့အတွက် အငြင်းအခုံ ဖြစ်နေကြပြန်တယ်။

နောက်တော့ တစ်ဦးက ဒီလိုဆိုသတဲ့။

''ဒီလို အငြင်းအခုံ ဖြစ်နေရုံနဲ့တော့ ဒီပြဿနာ ပြေလည်သွားမှာ မဟုတ်ဘူး။ ငါတို့နှစ်ဦး တစ်ယောက်ယောက်ဆီမှာ အဆုံးအဖြတ်ယူကြမှ ဖြစ်မယ်''

''ဘယ်သူ့ဆီက ယူမှာလဲ''လို့ ဒီပြင်တစ်ဦးကမေးလိုက်ပါတယ်။

''ဒီကနေ သိပ်မဝေးတဲ့နေရာမှာ ပညာရှိတစ်ဦး ရှိတယ်။ သူ့ဆီကို တို့တတွေသွားမေးကြစို့''

''ကောင်းပြီ တို့တတွေ ငြင်းခုံတာကိုရပ်ပြီး အဲဒီပညာရှိကြီးဆီကိုပဲ သွားကြမယ်''

ပညာရှိကြီးရဲ့ အိမ်ကိုရောက်တော့ အကြောင်းစုံရှင်းပြတဲ့အခါ ပညာရှိကြီးက ချာပါတီသုံးချပ်ပိုင်ရှင်ကိုပြောလိုက်ပါတယ်။

''ဘာ၊ သင်က အသပြာသုံးပြားကို မလိုချင်ဘူး ဟုတ်လား။ အဲဒီအသပြာသုံးပြားပဲ ယူလိုက်ပါလား''



''ဟင့်အင်း၊ ကျွန်တော့်အနေနဲ့ အသပြာလေးပြားပဲ လိုချင်တယ်။ ဟိုလူပေးတဲ့ ငွေကို တစ်ဝက်စီ ရသင့်တာပေါ့။ ပညာရှိကြီးအနေနဲ့ တရားမျှတစွာ ခွဲဝေပေးပါ''

''ကောင်းပြီ၊ သင်တို့ကို ကျုပ် ဆုံးဖြတ်ပေးပါမယ်။ ဒါပေမယ့် ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို သင်တို့ ကျေနပ်မှုမရှိဘဲ ဖြစ်မှာကိုတော့ စိုးရိမ်မိပါတယ်''

အငြင်းပွားနေတဲ့ လူနှစ်ဦးက ဆုံးဖြတ်နိုင်းတဲ့ အတွက် ပညာရှိကြီးအနေနဲ့ အသပြာငွေ ရှစ်ပြားကို ခွဲဝေပေးရပါတော့တယ်။ အသပြာငွေ ခုနစ်ပြားကို ယူပြီး ချာပါတီငါးချပ်ပိုင်ရှင်ကိုပေးလိုက်ပါတယ်။ ကျန်တဲ့ အသပြာငွေတစ်ပြားကိုတော့ ချာပါတီ သုံးချပ်ပိုင်ရှင်ကို ပေးလိုက်သတဲ့။

အဲဒီအခါမှာ အသပြာငွေ တစ်ပြားရရှိတဲ့သူက ငိုကြွေးပြီးတော့ ပြောဆိုပါတော့တယ်။

''ဘာများ တရားမျှတလို့လဲ။ ကျွန်တော့်အနေနဲ့ အသပြာငွေ သုံးပြားရရှိတာတောင် မကျေနပ်နိုင်တာ အခုတော့ သင်က ကျွန်တော့်ကို အသပြာငွေတစ်ပြားပဲ ပေးတယ်။ ဒါဟာ မမျှတတဲ့ စီရင်ချက်ပဲ''

''ဒါဟာ တရားမမျှတတဲ့ ဆုံးဖြတ်ချက်မဟုတ်ပါဘူး'' လို့ ပညာရှိကြီးက ပြောဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်ုပ်ပြောတာကို မိတ်ဆွေတို့ နားစိုက်ပြီးထောင်ကြပါ။ ကျွန်ုပ်အနေနဲ့ သင်တို့ကို အားလုံးရှင်းပြပါ့မယ်။ အဲဒီအခါမှာ သင်တို့အားလုံး တရားမျှတတယ်ဆိုတာကို သဘောပေါက်သွားပါလိမ့်မယ်''

''ကျွန်ုပ်ကိုပြောပါ။ ချာပါတီအားလုံး ဘယ်နှချပ်ရှိပါသလဲ''

''ရှစ်ချပ်ပါ''

''လူဘယ်နှယောက်ရှိပါသလဲ''

''ကျွန်တော်တို့အားလုံး သုံးယောက်ရှိပါတယ်''

''သင်တို့အားလုံး အညီအမျှ ခွဲဝေစားသောက်ကြသလား''

''ဟုတ်ကဲ့၊ ကျွန်တော်တို့အားလုံး အညီအမျှ ခွဲဝေစားသောက်ကြပါတယ်''

''ဒါဆိုရင် ချာပါတီတစ်ချပ်ကို အညီအမျှပိုင်းရင် သုံးပိုင်းရမယ်ဆိုတော့ အားလုံးပေါင်း ချာပါတီ ဘယ်နှပိုင်းရကြမလဲ''

''အားလုံး နှစ်ဆယ့်လေးပိုင်း ရပါတယ်''

''ကောင်းပြီ ဒါဆိုရင် တစ်ယောက်ကို ဘယ်နှပိုင်းစားကြရမလဲ''





''တစ်ယောက်ကို ရှစ်ပိုင်းစားလို့ ရပါတယ်''

''ကောင်းပြီ ဒါဆိုရင် သင့်ရဲ့ ချာပါတီသုံးချပ်ကို ပိုင်းတာ ဘယ်နှပိုင်းရပါသလဲ''

''ကိုးပိုင်းရပါတယ်''

''သင် ဘယ်နှစ်ပိုင်း စားလိုက်ရသလဲ''

''ရှစ်ပိုင်းစားလိုက်ရပါတယ်''

''ဒါဆိုရင် သင်တို့ရဲ့ ဧည့်သည်က သင့်ဆီကနေ ဘယ်နှပိုင်းစားလိုက်ရသလဲ''

''တစ်ပိုင်းစားလိုက်ရပါတယ်''

''ယခု ကျွန်ုပ်ကိုပြောပါ။ သင့်ရဲ့ မိတ်ဆွေဆီကရော သင်တို့ ဧည့်သည်က ဘယ်နှပိုင်းယူစားသွားသလဲ''

''ခုနစ်ပိုင်း ယူစားသွားပါတယ်''

''ကောင်းပြီ။ သင့်အနေနဲ့ အသပြာငွေ ဘယ်နှပြားရသလဲ''

''ကျွန်တော် သိပါပြီ။ ကျွန်တော့်ဆီမှာ အသပြာငွေတစ်ပြားရှိပြီ။ ကျွန်တော့်ရဲ့မိတ်ဆွေဆီမှာတော့ အသပြာငွေခုနစ်ပြားရှိပါတယ်''

''ဟုတ်ပြီ။ ဒါဆိုရင် သင့်အနေနဲ့ သင်ရရှိတဲ့ ငွေကြေးဟာ မမျှတဘူးလို့ ယူဆနိုင်ပါသလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော့်အနေနဲ့ အသပြာငွေတစ်ပြား ရရှိတာ မှန်ကန်သင့်မြတ်ပါတယ်"

အဲဒီလိုနဲ့ပဲ အသပြာငွေ ရှစ်ပြားခွဲဝေမှုဟာ ပြီးဆုံးသွားပါတော့တယ်။

အိန္ဒိယစာရေးဆရာ N.K AGGARWALE ၏ "AFAIR DIVISION"

## မင်းသမီးကလေးကို ရယ်စေသူ

တစ်ခါတုန်းက ရွာတစ်ရွာမှာ လူငယ်တစ်ယောက်ရှိသတဲ့။

သူ့ရဲ့အမည်ကတော့ ဂျာဂျစ်ရပ်(စ်)တဲလစ်လို့ ခေါ်တယ်။ တစ်နေ့ကျတော့ အလုပ်ရှာရင်းနဲ့ လယ်ယာမြေတစ်ခုမှာ တစ်နှစ်ပတ်လုံး အလုပ်လုပ်ဖို့အတွက် အလုပ်ရသွားတယ်။

အဲဒီအခါ မှာ မြေရှင်က သူ့ကိုမေးပါတယ်။

"မင်းကို ဘယ်လိုပေးရမလဲ"

"တစ်နှစ်လုံး ကျွန်တော် အလုပ်ပြီးတဲ့အခါတိုင်း နားရွက်ထဲ ထည့်ပေးရင် ရပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြွေရှင်ကလည်း ဃမန်းကတာမ်း သဘောတူလိုက်တယ်။

ရုပ်(စ်)တဲလစ်က ဂျုံစိုက်တော့ သူ့ရဲ့နားထဲကို မြွေရှင်က ဂျုံစေ့တစ်စေ့ ထည့်ပေးတယ်။ အဲဒီဂျုံတွေကို အစေ့ခွေပြီးတဲ့ အခါမှာတော့ နောက်ထပ် ဂျုံစေ့တစ်စေ့ ထည့်ပေးပြန်တယ်။ ရုပ်(စ်)တဲလစ်ဟာ နေထွက်ကနေ နေဝင်တဲ့အထိ အလုပ်လုပ်ရ သလို တစ်နှစ်ပတ်လုံး အလုပ်လုပ်ရမှာကိုလည်း သူ့အနေနဲ့ သိထားပါတယ်။

တစ်နှစ်ပတ်လုံး အလုပ်လုပ်ပြီးတဲ့အခါမှာတော့ ရုပ်(စ်)တဲလစ်ဟာ သူရရှိတဲ့လုပ်ခ ဂျုံစေ့သုံးစေ့ကို ပဝါနဲ့ထုပ်ယူပြီး သူ့ရဲ့ အလုပ်ရှင်ကို နှုတ်ဆက်ကာ ထွက်လာခဲ့ပါတယ်။

တစ်နေ့လုံး လမ်းလျှောက်လာလိုက်တာ ညဘက်ရောက်တော့ ယာတဲတစ်တဲကို တွေ့ရသတဲ့။

ယာတဲမှာ ညအိပ်နားနေ လို့ ရမလားလို့ တဲရှင်ကို မေးမြန်းတဲ့အခါ တဲရှင်က အိပ်စက်ဖို့ ခွင့်ပြုလိုက်တယ်။

ရုပ်(စ်)တဲလစ်က ပဝါနဲ့ထုပ်ထားတဲ့ ဂျုံစေ့သုံးစေ့ကိုယူပြီး တဲရှင်လက်ထဲအပ်ကာ ပြောလိုက်ပါတယ်။

"ကျွန်တော် ကောက်ရိုးတွေကြားမှာပဲ အိပ်ပါမယ်။ ဒါလေးကိုတော့ သေသေချာချာ သိမ်းထားပေးပါဗျာ။ ကျွန်တော့်ရဲ့ တစ်နှစ်စာလုပ်ခ ဖြစ်လို့ပါပဲ"





တဲရှင်က လက်ခံယူပြီးတော့ ပြန်ပြောပါတယ်။

"ကောင်းပါပြီဗျာ။ ခင်ဗျားအတွက် ကျွန်တော် သေသေချာချာ သိမ်းထားပေးပါမယ်"

ရုပ်(စ်)တဲလစ် အိပ်ပျော်သွားတဲ့အခါ တဲရှင်က လက်ကိုင်ပဝါထဲမှာ ဘာများရှိမလဲဆိုတာ သိချင်လို့ ထုတ်ကြည့်လိုက်သတဲ့။ အဲဒီအချိန်မှာ ဂျုံစေ့သုံးစေ့က မြေပြင်ပေါ်ကို ကျသွားပါတယ်။ ချက်ချင်းဆိုသလို အနားမှာရှိတဲ့ ကြက်ဖတစ်ကောင်က ကောက်ပြီး စားလိုက်ပါရောဗျ။

နောက်တစ်နေ့ မိုးလင်းလို့ ရုပ်(စ်)တဲလစ် နိုးလာပြီး တဲရှင်ကို နှုတ်ဆက်စကားပြောပါတယ်။

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်ရဲ့ ပဝါကလေး ပေးပါဦး ကျွန်တော် ခရီးဆက်ရဦးမယ်"

"တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားရဲ့ တစ်နှစ်စာလုပ်ခက ဘာတွေများပါလိမ့်လို့ ကျွန်တော်ထုတ်ကြည့်တဲ့အခါ အထဲမှာရှိတဲ့ ဂျုံစေ့သုံးစေ့က ထွက်ကျသွားတယ်။ ထွက်ကျ,ကျချင်းပဲ အနားမှာရှိတဲ့ ဒီကြက်ဖကကောက်ပြီး စားလိုက်တယ်"

"ဟာ ဘယ်ဖြစ်မလဲဗျ။ အဲဒါ ကျွန်တော့်ရဲ့ တစ်နှစ်လုံး ရတဲ့လုပ်ခဗျ။ အဲဒီဂျုံစေ့တွေ ကောက်စားတဲ့ ဒီကြက်ဖကိုပဲ ယူရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တဲရှင်လည်း သူ့ရဲ့ကြက်ဖကို ရပ်(စ်)တဲလစ်ရဲ့ လက်ထဲ အပ်လိုက်ရပါတော့တယ်။

ရပ်(စ်)တဲလစ်ဟာ ကြက်ဖကိုပိုက်ပြီး ထွက်လာခဲ့ပြန်တယ်။ ညနေကို ရောက်ပြန်တော့ ဒီပြင့်ယာတဲ တစ်ခုကို တွေ့ပြန်ရော။ အဲဒီတဲရှင်က အမျိုးသမီးကြီးတစ်ဦးပါ။ အမျိုးသမီးကြီးက သူမရဲ့တဲအပြင်မှာ ရပ်(စ်)တဲလစ်အတွက် အိပ်ရာပြင်ပေးပါတယ်။

ရပ်(စ်)တဲလစ်က အမျိုးသမီးကြီးကို ပြောပါတယ်။

"ဒီကြက်ဖကို ခဏလောက် သိမ်းထားပေးပါလား ခင်ဗျာ။ ကျွန်တော်အိပ်နေတုန်း ပျံသွားမှာစိုးလို့ပါ"

တဲရှင်မိန်းမကြီးက ရပ်(စ်)တဲလစ်ရဲ့ကြက်ဖကို ယူပြီး သူမရဲ့ ငန်းမကြီးနဲ့အတူ ထားလိုက်ပါတယ်။ နောက်တစ်နေ့ မနက် ကြက်ဖကို အစာကျွေးမလို့ ကြည့်လိုက်တဲ့အခါ ရပ်(စ်)တဲလစ်ရဲ့ ကြက်ဖဟာ ငန်းမကြီးက နှုတ်သီးနဲ့ကိတ်လို့ သေဆုံးနေတာကို တွေ့လိုက်ရပါတယ်။

တဲရှင် အမျိုးသမီးကြီးက သူမရဲ့ငန်းမကြီးကြောင့် ဖြစ်ခဲ့တာကို စွဲမယူဖို့ ခွင့်လွှတ်ဖို့ ပြောတော့ ရပ်(စ်)တဲလစ်က...

"ဒီကြက်ဖက ကျွန်တော့်ရဲ့တစ်နှစ်စာ လုပ်ခဗျ။ အဲ့အတွက် ခင်ဗျားအနေနဲ့ တစ်ခုခုတော့ လုပ်ပေးဦး"



လို့ပြောပါတယ်။ တဲရှင်မိန်းမကြီးလည်း သူမရဲ့ငန်းမကြီးကို ပေးလိုက်ရတော့တယ်။

ရပ်(စ်)တဲလစ်လည်း ငန်းမကြီးကိုယူပြီး တဲရှင်အမျိုးသမီးကို နှုတ်ဆက်ကာ ထွက်လာခဲ့ပြန်တယ်။ ညနေရောက်တော့ တဲအိမ်တစ်ခုကိုတွေ့တဲ့အခါ တဲရှင်ကို ညအိပ်ဖို့အတွက် ခွင့်တောင်းပါတယ်။

တဲရှင်က ...

"ငါ့အိမ်မှာတော့ ဧည့်သည်တွေ ပြည့်နေတယ်။ ဒါပေမယ့် အိပ်ချင်ရင်တော့ ကောက်ရိုးတွေ ခင်းအိပ်ပေါ့"

လို့ ပြောသတဲ့။

"ဒါလဲ ရပါတယ်ဗျာ။ ကျေးဇူးပါပဲ။ ဒါပေမယ့် ကျွန်တော့်ရဲ့ ဒီငန်းမကြီးတော့ ဘယ်မှာထားရမလဲ"

"ဒါကတော့ ငါ့ရဲ့တဲအိမ်မှာ ထားလို့ရပါတယ်။ ငါ့ဆီမှာတော့ နွားတစ်ကောင်ရှိတယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ သူ့ကို ကြိုးချည်ထားပါတယ်"

ရပ်(စ်)တဲလစ်လည်း သူ့ရဲ့ငန်းမကြီးကို တဲအိမ်ထဲမှာ ထည့်ထားလိုက်ပြီး သူကတော့ တဲအပြင်ဘက်မှာ အိပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မိုးလင်းတော့ ရပ်(စ်)တဲလစ် အိမ်ထဲကို ဝင်သွားတဲ့အခါ တွေ့လိုက်ရတာကတော့ သူရဲ့ နွားမကြီး သေဆုံး ပြီး လဲကျနေတာပါပဲ။

ဘေးနားမှာလည်း ခွေးကို တွေ့ လိုက်ရတယ်။

''ဟာ ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော့်ရဲ့တစ်နှစ်စာ လုပ်ခကတော့ သွားပြန်ပါပြီ။ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို လျော်ပေးရလိမ့်မယ်။ ဒါ ခင်ဗျားခွေးကြောင့် ဖြစ်ရတာ''

''ငါကတော့ မင်းရဲ့ငနွားကို လျော်မပေးနိုင်ဘူး။ မင်းရူး နေသလား။ တစ်နှစ်လုံး အလုပ်လုပ်တာကမှ ဒီငနွားတစ်ကောင်ပဲ ရတယ်လို့''

ရပ်(စ်)တဲလစ်က ဝမ်းနည်းပက်လက်နဲ့ ဘာကိုမှမကြည့်ဘဲ ထွက်လာခဲ့ပါတယ်။ သူ့ရဲ့နောက်ကိုတော့ တဲရှင်ရဲ့ခွေးက လိုက်ခဲ့ ပါတယ်။

စမ်းချောင်းကလေးတစ်ခုအနားကို ရောက်လာတဲ့အခါ ထိုင်ချလိုက်ပြီး ကိတ်မုန့်ခြောက်တွေ ထိုင်စားနေကြပါတယ်။ သူ ကိတ်မုန့်စားနေတာကို ကြည့်ပြီး ခွေးကလေးလည်း ဆာလောင် နေပါတယ်။

ရပ်(စ်)တဲလစ်ဟာ ကိတ်မုန့်ခြောက်တွေကို ခွဲပြီး ခွေး ကလေးကို ကျွေးလိုက်တယ်။





စားသောက်ပြီးတဲ့ အခါမှာတော့ ရပ်(စ်)တဲလစ်ဟာ ရေ သောက်ပါတယ်။ အဲဒီနောက် ခွေးကလေးကိုကြည့်ကာ ဒီလို ပြောလိုက်ပါတယ်။

''ကဲ ဒီကိုလာစမ်း မင်းကို ကြည့်ရတာ ညစ်ပတ်နေတာ ပဲ။ ငါတို့ကိုကြည့်ပြီး လူတွေက ရယ်ကြလိမ့်မယ်။ ဒီတော့ မင်းကိုသန့်ရှင်းရေး လုပ်ပေးမှဖြစ်မယ်''

အဲဒီနောက် ခွေးကလေးကို ရေမိုးချိုး သန့်ရှင်းပေးလိုက် တော့ အတော်လေးကိုလှပသွားသတဲ့။ ဒီနောက်မှာတော့ သူတို့ နှစ်ဦးသား လမ်းလျှောက်လာလိုက်တာ တဲတားတစ်ခုဆီကို ရောက် လာပါတယ်။

အဲဒီမှာ အဝတ်လျှော်နေတဲ့ မိန်းမက ခွေးကလေး ကိုတွေ့တော့ ဒီလိုပြောလိုက်ရဲ့။

''ဟယ်၊ ခွေးကလေးက ချစ်စရာကလေး။ သူ့အမွေးက လည်း ငွေရောင်ကြနေတာပဲ။ ကျွန်မကို နည်းနည်းလောက် ပေးပါလား''

''ဟာ၊ အသက်ရှင်နေတဲ့ ခွေးဆီက အမွေးကို ဘယ်လို ထုတ်နုတ်လို့ ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဝတ်လျှော်တဲ့ မိန်းမက နားမထောင်ဘဲ ခွေးကလေးဆီက အမွေးကိုနုတ်လိုက်ပါတယ်။ သူမရဲ့ လက်ကို ပြန်ရုတ်လိုက်တဲ့အခါမှာတော့ ဘယ်လိုမှ ခွာလို့မရဘဲ ခွေးကလေးရဲ့ ကိုယ်မှာ ကပ်နေတာကိုတွေ့ရတယ်။

သူတို့တစ်တွေ ရွာထဲကိုဖြတ်ပြီး လျှောက်လာကြတဲ့အခါ အဝတ်လျှော်တဲ့ မိန်းမရဲ့ အိမ်ရှင်အဒေါ်ကြီးက သူတို့တစ်တွေကို တွေ့သွားပါတယ်။

"ဒီကောင်မလေး အဝတ်မလျှော်ဘဲ ခွေးနောက်ကို ဘာလိုက်လုပ်နေတာလဲ မသိဘူး" ဆိုပြီး အဝတ်လျှော်တဲ့ မိန်းမရဲ့ လက်ကို ဖမ်းပြီး ဆွဲလိုက်ပါတယ်။

ဒါပေမယ့် အိမ်ရှင်မိန်းမကြီးက သူ့ရဲ့လက်ကို ပြန်ရုတ်တော့ လက်ရုတ်လို့မရဘူး ဖြစ်နေပြန်သတဲ့။ အဲဒီတော့ မိန်းမကြီးက အော်တာပေါ့။

အဲဒီမိန်းမကြီးရဲ့ အော်သံကိုကြားတဲ့အခါ သူ့ရဲ့ ယောကျ်ား အဘိုးကြီးက ထွက်လာပြန်တယ်။

အဘိုးကြီးက ...

"ဒီမိန်းမ၊ ဒီအရူးနောက်ကို ဘာလိုက်လုပ်တာလဲ" ဆိုပြီး မိန်းမကြီးရဲ့လက်ကို ဆွဲလိုက်ပါတယ်။



အဲဒီလို ဆွဲတဲ့အချိန်ကစပြီး သူ့ရဲ့လက်နဲ့ မိန်းမကြီးရဲ့ လက်က တွဲလျက်သားဖြစ်သွားပြန်သတဲ့။

သိပ်မကြာခင်မှာပဲ သူတို့တစ်တွေကို အထမ်းထမ်းပြီး လှည့်လည်ရောင်းတဲ့ ဈေးသည်တစ်ယောက်က တွေ့သွားပြန်တယ်။

အဲဒီဈေးသည်က ...

"ငါ ဒီနေ့ ဘာမှ မရောင်းရသေးဘူး။ ဒီအဘိုးကြီးကို တစ်ခုခုရောင်းမှပဲ" ဆိုပြီး အဘိုးကြီးရဲ့ ပခုံးကို ပုတ်လိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ဈေးသည်ရဲ့လက်လည်း အဘိုးကြီးရဲ့ ပခုံးနဲ့ ကပ်လျက်သား ဖြစ်သွားတော့တယ်။

အဲဒီလိုနဲ့ ရပ်(စ်)တဲလစ်ရဲ့နောက်ကို သူတို့တစ်တွေအားလုံး တန်းလန်းတန်းလန်းနဲ့ ပါလာပါတယ်။ ရပ်(စ်)တဲလစ် သွားနေတာကတော့ မြို့တော်ကြီးဆီကိုပါပဲ။

အဲဒီအချိန်မှာ သူခိုးက လည်း အလစ်သုတ်မယ်ဆိုပြီး အထမ်းဈေးသည်ရဲ့ နောက်ဘက် က တောင်းထဲကို လက်နှိုက်လိုက်ပါတယ်။ ဒါပေမယ့် လက်ကို ပြန်နုတ်တဲ့အခါ လက်က နုတ်လို့မရဘူးဖြစ်နေတယ်။

သူ့ရဲ့ နောက် လိုက်လာတဲ့ လုံခြုံရေးအစောင့်တစ်ဦးက သူ့ကိုလှမ်းဆွဲတယ်။ အဲဒီလို လှမ်းဆွဲပြီးတဲ့နောက်မှာ သူ့ရဲ့လက်ကို ပြန်နုတ်လို့မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအစောင့်နောက်က လိုက်လာတဲ့ လူတွေကလည်း ဆင့်ကဲဆင့်ကဲဆိုသလို တိုက်မိကြပြီး တစ်ယောက်နဲ့တစ်ယောက် ခွာမရဘူး ဖြစ်သွားသတဲ့။

ရပ်(စ်)တဲလစ်ဟာ မြို့တော်ကြီးကို ဖြတ်သွားခဲ့ပါတယ်။ ရပ်(စ်)တဲလစ်နောက်က ခွေးလိုက်လာတယ်။ ခွေးရဲ့နောက်မှာက အဝတ်လျှော်တဲ့မိန်းမ၊ သူမရဲ့နောက်မှာတော့ အိမ်ရှင်မိန်းမ။ မိန်းမကြီးရဲ့နောက်မှာ သူမရဲ့ယောက်ျား အဘိုးကြီး။ အဘိုးကြီးရဲ့နောက်မှာ အထမ်းစျေးသည်၊ အထမ်းစျေးသည်ရဲ့နောက်မှာ သူခိုး။ သူခိုးရဲ့နောက်မှာ လူအုပ်ကြီးပေါ့။

ရပ်(စ်)တဲလစ်က ဆက်ပြီး လျှောက်သွားနေလိုက်တာ ဘာမျှမဖြစ်သလိုပါပဲ။

သူ့ကို နန်းတော်က အစောင့်တစ်ဦးက တွေ့တဲ့အခါ မေးမြန်းပါတယ်။

''ဒီခွေးကို မင်း ဘယ်မျိုးမတ်အိမ်က ခိုးယူလာ တာလဲ''

''ဘယ်ကမှ ခိုးခဲ့တာ မဟုတ်ဘူး။ ဒါ ကျုပ်ပိုင်တဲ့ခွေးဗျ''

ဒါပေမယ့် သူ့ကို အစောင့်ဖြစ်သူက ယုံကြည်မှုမရှိတဲ့အတွက် ခွေးကိုဖမ်းယူလိုက်ပါတယ်။ ခွေးနဲ့အစောင့်ဖြစ်သူရဲ့လက် ထိလျှင်ထိမိချင်းပဲ ပြန်ခွာလို့မရတော့ဘူး ဖြစ်နေပြန် သတဲ့။

အဲဒီတော့ ရပ်(စ်)တဲလစ်က ရယ်ပြန်ရော။



သူတို့တစ်တွေဟာ နန်းတော်ကြီးအနားကို ရောက်လာခဲ့ပါပြီ။ နန်းတော်အပေါ်က ပြတင်းပေါက်နားမှာ မင်းသမီးလေးက ထိုင်ပြီးကြည့်နေပါတယ်။ အဲဒီ မင်းသမီးလေးက မိုးလင်းကနေ မိုးချုပ်တဲ့အထိ ပြတင်းပေါက်နားမှာထိုင်ပြီး ငိုင်နေတတ်သတဲ့။

ရယ်ခြင်း ပြုံးခြင်းလည်း မရှိဘူး။ အဲဒီလိုနေတာလည်း နှစ်တွေကြာခဲ့ပါပြီ။ မင်းသမီးလေးရဲ့ ဖခင်ဖြစ်သူ ဘုရင်ကြီးက အမိန့်ထုတ်ထားသတဲ့။

မင်းသမီးလေးကို ရယ်မောအောင်ပြုလုပ် နိုင်တဲ့သူကို သူ့နိုင်ငံရဲ့ တစ်ဝက်ပေးမယ်ဆိုတာပါပဲ။

မင်းသမီးလေးကို တွေ့တဲ့အခါ ခွေးကလေးကဟောင်ပြီး ခုန်ပေါက်လိုက်ပါတယ်။ ခွေးကလေးနောက်က လူတွေအားလုံးလည်း ကခုန်သလိုဖြစ်နေပါရော။ သူတို့တစ်တွေ အားလုံးရဲ့ ကိုးရိုးကားယား ဖြစ်နေတာကို မင်းသမီးလေးတွေ့တဲ့အခါ ကျယ်လောင်စွာ ရယ်မောမိသတဲ့။

မင်းသမီးလေးရဲ့ ရယ်သံကို ကြား ရတော့ ဘုရင်ကြီးလည်း မင်းသမီးလေး ကြည့်နေတဲ့ ပြတင်းပေါက်ကနေ လှမ်းပြီးကြည့်မိပြန်တယ်။

ရပ်(စ်)တဲလစ်တို့တစ်တွေ ဖြစ် ပျက်နေတာကို တွေ့တော့ ဘုရင်ကြီးလည်း ရယ်မောမိပြီး လှမ်းပြောလိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တစ်တွေကို လွှတ်ပေးလိုက်ပါ။ ငါ အူတက်ပြီး သေလိမ့်မယ်"

ရပ်(စ်)တဲလစ် ခွေးရဲ့လည်ပတ်နဲ့ ချည်ထားတဲ့ ကြိုးကို သူ့ရဲ့လက်ကနေ လွှတ်ပေးလိုက်တဲ့အခါ ခွေးနောက်က လူတွေ အားလုံးလည်း ဒလိမ့်ကောက်ကွေးနဲ့ လိမ့်ကျသွားပါတော့တယ်။

ရှင်ဘုရင်ကြီးက ရပ်(စ်)တဲလစ်ကို ခေါ်ယူတွေ့ဆုံပြီး မိန့်ကြားသတဲ့။

"ကောင်းပြီ မင်းကို ငါ့ရဲ့ကတိအတိုင်း ငါ့နိုင်ငံတော်ရဲ့ တစ်ဝက်ကို ပေးမယ်။ ငါ့ရဲ့ သမီးတော်နဲ့လည်း လက်ထပ်ထိမ်းမြားပေးမယ်"

ဒါပေမယ့် ရပ်(စ်)တဲလစ်က မတ်တတ်ရပ်ပြီး နားမလည်သလိုနဲ့ သူ့ရဲ့ဦးထုပ်ကို ချေမွနေတဲ့အတွက် ဘုရင်ကြီးက မေးမြန်းလိုက်ပါတယ်။

"မောင်မင်း မကျေနပ်သေးဘူးလား"

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ နိုင်ငံတော်တစ်ဝက်က ကျွန်တော်မျိုးအတွက် အသုံးမဝင်ပါဘူး။ အရှင်မင်းကြီးရဲ့ သမီးတော်ကိုလည်း ကျွန်တော်မျိုး လက်မထပ်နိုင်ပါဘူး။ ဘာဲဖြစ်လို့လဲဆိုတော့ ကျွန်တော်မျိုးမှာ လက်ထပ်ရမယ့် ချစ်သူရှိလို့ပါ။



ဒါ့ပြင်မယ့် ကျွန်တော်မျိုးမှာ နေစရာအိမ်တောင်မရှိပါဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ အဲဒီအတွက် ကျွန်တော်မျိုးကို ကူညီစောင်မတော်မူပါ"

ဘုရင်ကြီးလည်း ရပ်(စ်)တဲလစ်ကို ရွှေဒင်္ဂါးအထုပ်ကြီး တစ်ထုပ်ပေးတော်မူသတဲ့။

ရပ်(စ်)တဲလစ် အပြင်ဘက်ကို ရောက်တဲ့အခါမှာတော့ သူ့ရဲ့ခွေးကို ရှာဖွေလို့ မတွေ့တော့ဘူး။ ဘယ်နေရာရောက်သွားမှန်းလည်း မသိဘူး။

ရပ်(စ်)တဲလစ်လည်း သူ့ရဲ့နေရာကို ပြန်လာပြီး တဲအိမ်တစ်လုံးဆောက်ကာ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ပါတယ်။ အဲဒီနောက် သူ့ရဲ့ချစ်သူနဲ့ လက်ထပ်ကာ တစ်သက်လုံး ပျော်ရွှင်စွာ နေထိုင်သွားပါတော့တယ်။

၁၉၇၂-ခုနှစ် ဒီဇင်ဘာလထုတ် Sputnik တွင် ပါဝင်သော လစ်သူယေးနီးယန်းပုံပြင်တစ်ပုဒ်ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

## မြွေ့မြွေပါနှင့် ကြိုးကြာ

ကလေးတို့ရေ တစ်ခါတုန်းက တောအုပ်ကြီးတစ်ခုထဲမှာ ညောင်ပင်ကြီးတစ်ပင် ရှိသတဲ့။

အဲဒီညောင်ပင်ကြီးရဲ့ ထိပ်ဖျား မှာတော့ ကြိုးကြာငှက်တွေဟာ အသိုက်ဖွဲ့ပြီး နေထိုင်ကြတယ်။

သစ်ပင်ကြီးရဲ့ခြေရင်းမှာတော့ အပေါက်တစ်ပေါက်ရှိပြီး အဲဒီအပေါက်ထဲမှာ မြွေနက်ကြီးတစ်ကောင် နေထိုင်သတဲ့။ နှစ်စဉ်တိုင်းပါပဲ အဲဒီမြွေကြီးဟာ ကြိုးကြာငှက်ကလေးတွေကို ကြီးပြင်းမလာခင် စားသောက်ပစ်လေ့ရှိသတဲ့။



ဒီအတွက်ကြောင့် ကြိုးကြာငှက်တွေဟာ စိတ်မချမ်းမြေ့ဘဲ ရှိနေကြတယ်။ သူတို့အနေနဲ့ ဘာလုပ်ရမလဲဆိုတာကိုလည်း မသိကြဘူး။

တစ်နေ့တော့ ကြိုးကြာငှက်အိုကြီးတင်ကောင်ဟာ သူရဲ့သားငယ်ကလေး ပျောက်ဆုံးသွားတဲ့အတွက် ရေကန်ငယ်တစ်ခုဘေးနားမှာနားပြီး အလွန်အလွန် ဝမ်းနည်းစွာနဲ့ ငိုကြွေးနေရှာတယ်။

အဲဒါကို ရေကန်ထဲမှာနေတဲ့ ကဏန်းတစ်ကောင်က မြင်တော့ အော်ဟစ်ပြီး မေးလိုက်သတဲ့။

"ဦးလေး၊ ဒီနေ့ ဘာကိုများ စိတ်မချမ်းမသာနဲ့ ရှာနေရတာလဲ၊ ဘာဖြစ်လို့များ ငိုနေရတာလဲဟင်"

အဲဒီအခါမှာ ကြိုးကြာငှက်အိုကြီးက

"ဆရာ၊ ကျွန်တော် ဘာလုပ်ရမှာလဲ။ ညောင်ပင်ခြေရင်းမှာနေတဲ့ မြွေတစ်ကောင်က ကျွန်တော်ရဲ့ကလေးကို စားပစ်လိုက်ပြီ၊ ဒါကြောင့် ဒီမှာလာပြီး ငိုနေမိတာပေါ့။ ကျွန်တော့်ကို ကူညီပါဦးဗျာ"

လို့ ဖြေရှာတယ်။

"ဟုတ်ပြီ၊ ကျွန်ုပ်စဉ်းစားမိပြီ။ အကြင်နာကင်းမဲ့တဲ့ ဒီမြွေကို ဖမ်းပြီး သတ်ပစ်ရမယ်"

www.burmeseclassic.com



"ကောင်းပါပြီ။ ဒါပေမယ့် ဒီမြွေကို ဘယ်လိုများ ဖမ်းရမှာလဲ။ သူက ကောက်ကျစ်တဲ့သတ္တဝါနော်။ ဖမ်းဆီးဖို့ အတော်ခဲယဉ်းလိမ့်မယ်။ သူက သူသွားမယ့်လမ်းကို အမြဲတမ်းထွက်ခဲတယ်။ သူရဲ့တွင်းထဲမှာပဲ ပုန်းနေတာ များတယ်"

"ဟုတ်ပါတယ်။ ခင်ဗျားကိုယ်တိုင် မသတ်နိုင်ရင် သူများကို သတ်ခိုင်းရမှာပေါ့"

"ထားပါတော့၊ ကျွန်တော်တို့ ဘယ်လို လုပ်ရမှာလဲ"

"နားထောင်၊ ကျွန်ုပ်ပြောပြမယ်၊ ဒီကနေ သိပ်မဝေးတဲ့နေရာမှာ မြွေပါတစ်ကောင်ရှိတယ်။ သူနေတဲ့တွင်းက ဟိုသစ်ပင်ကြီးနားမှာ။ မြွေပါဆိုတာ ခင်ဗျား သိတယ်မဟုတ်လား။ မြွေအားလုံးရဲ့ရန်သူပဲ၊ သူက မြွေကိုမြင်တာနဲ့ သတ်ဖို့ ကြိုးစားလိမ့်မယ်။ ကျွန်ုပ်တို့က အဲဒီမြွေပါအနေနဲ့ ခင်ဗျားရဲ့ ရန်သူမြွေကြီးကို သတ်ပစ်အောင် ကြိုးစားရမယ်"

"ဟုတ်ပြီဟုတ်ပြီ၊ ဒါကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုလုပ်ရမှာလဲ"

"အဲဒါက သိပ်လွယ်ပါတယ်ဗျာ၊ ခင်ဗျား သိပါတယ်။ မြွေပါဆိုတာ ငါးကို ကြိုက်တယ်လေ။ ဒါပေမယ့် သူကိုယ်တိုင်ရေထဲဆင်းပြီး မဖမ်းနိုင်ဘူး။ သူ့အတွက် ခင်ဗျားက ငါးဖမ်းပေးရမယ်။ လေးကောင်ဖြစ်ဖြစ်၊ ငါးကောင်ဖြစ်ဖြစ် ဖမ်းပေါ့ဗျာ။ တစ်ကောင်





ကို မြွေပါနေတဲ့ တွင်းနားချမှာချထား။ နောက်တစ်ကောင်ကိုတော့ နည်း နည်းဝေးတဲ့ နေရာမှာချ။ နောက်တစ်ကောင်ကိုတော့ မြွေနေတဲ့ အပေါက်နဲ့နီးတဲ့နေရာမှာ ချထားပေါ့။ နောက်ဆုံးတစ်ကောင်ကို တော့ မြွေနေတဲ့တွင်းပေါက်ဝမှာ ချထားပေါ့။ မြွေပါက ပထမငါး ကို တွေ့မယ်။ သူပြေးပြီး စားလိမ့်မယ်။ နောက် ဒုတိယငါး၊ ပြီးတော့ တတိယငါးစသဖြင့် တွေ့လိမ့်မယ်။ နောက်ဆုံးတော့ မြွေနေတဲ့ တွင်းပေါက်နားက ငါးကိုတွေ့ပြီး စားလိမ့်မယ်။ စားပြီးတဲ့အခါ မြွေရဲ့အနံကို ရလိမ့်မယ်။ မြွေရဲ့အနံ့ကိုရတော့ အဲဒီမြွေကို သတ်ချင်လိမ့်မယ်။ မြွေတွင်းထဲဝင်သွားတဲ့အခါမှာတော့ မြွေကိုတွေ့ပြီး မြွေပါနဲ့မြွေ တိုက်ကြခိုက်ကြလိမ့်မယ်။ အဲဒီလိုနဲ့ပဲ ခင်ဗျားရဲ့ရန်သူ နိဂုံးချုပ်သွားမှာပေါ့"

"ဒါကောင်းတဲ့ အကြံပဲ။ အဲဒီအတိုင်း ကျွန်တော် လုပ်မယ်"

လို့ ကြိုးကြာငှက်က ပြောလိုက်ပါတယ်။

အဲဒီနောက် ကြိုးကြာငှက်ဟာ ငါးခြောက်ကောင်လောက် ဖမ်းလိုက်တယ်။ ပထမတစ်ကောင်ကို မြွေပါတွင်းနဲ့ အနီးဆုံးနေရာမှာ ချထားလိုက်တယ်။ ဒုတိယကောင်ကိုတော့ မြွေပါတွင်းနဲ့ ပိုပြီး နီးလာတဲ့နေရာမှာ ချထားလိုက်တယ်။ တတိယကောင် တစ်ကောင်ကတော့ ပိုနီးတဲ့နေရာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ချထားလိုက်တာ နောက်ဆုံးတစ်ကောင်ကို မြွေတွင်း နှုတ်ခမ်းဝမှာ ချထားလိုက်တယ်။

မြွေပါက သူ့ရဲ့တွင်းက ထွက်လာတော့ ပထမငါးကို တွေ့ပြီးစားလိုက်တယ်။ နောက်တော့ ဒုတိယငါးနဲ့ တတိယငါးကို တွေ့ပြန်တယ်။

အဲဒီလိုနဲ့ ငါးတွေကို စားလာလိုက်တာ မြွေတွင်း နားကို ရောက်လာပါရော။ အဲဒီနောက် မြွေပါဟာ မြွေရဲ့အနံ့ကို ရသွားပါတော့တယ်။ သူဟာ တွင်းထဲဝင်သွားပြီး မြွေနဲ့တိုက်ခိုက်ပါတော့တယ်။

နောက်ဆုံးတော့ မြွေပါနိုင်သွားပါတယ်။ အချိန်အနည်းငယ်အကြာမှာ မြွေပါထွက်လာတဲ့အခါ သေဆုံးနေပြီဖြစ်တဲ့ မြွေကို ထုတ်ယူလာတယ်။

ကြိုးကြာငှက်တွေလည်း အကြင်နာကင်းမဲ့တဲ့ မြွေကြီး သေဆုံးသွားတဲ့အတွက် အပျော်ကြီးပျော်နေကြတယ်။

ဒါပေမယ့် မြွေပါဟာ သူစားဖို့ ငါးမတွေ့တော့တဲ့အတွက် ဒေါသထွက်လာပါတယ်။ တစ်နေ့တော့ ညောင်ပင်ကြီးရဲ့ ခြေရင်းကို မြွေပါရောက်လာတဲ့အခါ ကြိုးကြာငှက်တွေရဲ့အသံကို ကြားလိုက်မိတယ်။





ဒေါသထွက်နေတဲ့ မြွေပါဟာ သစ်ပင်ပေါ် တက်ကာ တစ်ကောင်ပြီးတစ်ကောင် စားလိုက်တော့တယ်။ မြွေ စားပြီးလို့ ကျန်တဲ့ကြိုးကြာမှန်သမျှ မြွေပါရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးရတော့တာပါပဲ။

နောက်ဆုံးရန်သူက ပထမရန်သူထက် ပိုပြီးတော့ ဆိုးရွားပါတယ်။

ကလေးတို့လည်း ကိုယ့်ကို အကြံဉာဏ်ပေးတဲ့ သူ့ရဲ့ စကားကို စဉ်းစားဆင်ခြင်ပြီးမှ လက်ခံကြနော်။ မြန်မာစကားပုံ တစ်ခုရှိတယ်မဟုတ်လား။

ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဆိုတာလေ။

အဲဒါကို မမေ့ကြနဲ့နော်။

အိန္ဒိယစာရေးဆရာ N.K.AGGARWALA ရဲ့ The Cranes the Mongooseကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူဆုရသင့်သလဲ

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာမှာ မုဆိုးမအဘွားအိုကြီး တစ်ယောက်ဟာ သူရဲ့ သားသုံးယောက်ရယ်၊ သမီးတစ်ယောက် နဲ့ အတူတူနေထိုင်ကြသတဲ့။

အဘွားကြီးရဲ့ သားသုံးယောက်ဟာ ရုပ်ရည်ရူပကအားဖြင့် ချောမောကြပေမယ့် တကယ်တမ်းအား ဖြင့် အလှပဆုံးက သမီးကလေးပါပဲ။

ဘယ်လောက်တောင် လှပချောမောသလဲဆိုရင် သူ့ကို တွေ့မြင်ဖူးတဲ့သူတိုင်းဟာ ဘယ်တော့အခါမှ သူမလောက် ချောမောလှပတဲ့သူကို မတွေ့ရတော့ဘူးတဲ့။



သူမရဲ့အမေနဲ့ သူမရဲ့အစ်ကိုတွေကလည်း သူမကို ချစ်ကြပါတယ်။ သူမကိုသူတို့ရဲ့ မျက်လုံးသဖွယ် ချစ်ကြပြီး သူတို့ရဲ့ဘဝ တွေထက်တောင်ပိုပြီး ဂရုစိုက်ကြတယ်။

သူမရဲ့အစ်ကိုတွေကတော့ သားကောင်ရှာဖွေတဲ့ မုဆိုး တွေ ပါပဲ။ သူတို့တစ်တွေဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံကာခွန်အား ဗလ ကြီးမားကြပြီး ထက်မြက်ပေါ့ပါး သွက်လက်ကြတယ်။

ဒါကြောင့် သူတို့တွေဟာ သားကောင် မြောက်မြားစွာ မရဘဲ အိမ်ပြန်လာခဲ့ရတဲ့ နေ့ရက်ကိုမရှိပါဘူး။

တစ်နေ့တော့ သူတို့ညီအစ်ကို သုံးဦးဟာ သူတို့မိခင်နဲ့ ညီမလေး စားသောက်ဖို့အတွက် ဆောင်းတွင်းရောက်လာရင် ဝတ်စရာ သားမွေးသားရေရှိဖို့အတွက် အမဲလိုက်ထွက်ခဲ့ကြတယ်။ သူတို့တစ်တွေဟာ ဒိန်ချဉ်ကို သောက်ခဲ့ကြပြီး သိုးခြေထောက် အချို့ကို ယူဆောင်ကာ မိခင်နဲ့ညီမဖြစ်သူကို နှုတ်ဆက်ပြီး အိမ်ကနေထွက်ခွာလာခဲ့ကြတယ်။

မိခင်နဲ့ညီမဖြစ်သူတို့လည်း အိမ်မှာ ကျန်ရစ်ခဲ့ကြတာ ပေါ့။

ညနေရောက်လာတဲ့အခါ မိခင်ဖြစ်သူကလည်းအိမ် အပြင်ကို ထွက်သွားခဲ့ပါတယ်။ မိခင်ဖြစ်သူဟာ အိမ်မှုကိစ္စ တွေနဲ့ အပြင်မှာ အလုပ်ရှုပ်နေတုန်း သမီးဖြစ်သူကို ဦးခေါင်း

www.burmeseclassic.com



[illegible]ရှိတဲ့ ဘီလူးကြီးတစ်ကောင်က ခေါ်ဆောင်သွားသတဲ့။ [illegible]ကြီးအိမ်ပြန်ရောက်လာတော့ အိမ်မှာ ဟာလာဟင်းလင်း [illegible] ဖြစ်နေတာကို တွေ့ရတယ်။

သူမရဲ့သမီးဖြစ်သူကိုလည်း ဘယ်နေရာမှာမှ ရှာလို့ မတွေ့ဘူး နောက်တော့ အဘွားအိုဟာ ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာကို နားလည်သဘောပေါက်သွားပါတော့တယ်။

အဘွားအိုဟာ သူမ ရပ်နေတဲ့နေရာမှာပဲ လဲကျသွားပြီး သနားစဖွယ် ငိုရှိုက်နေမိတယ်။

တစ်ညလုံးလည်း တစ်မှေးတောင်အိပ်မပျော်ဘဲ မျက်ရည်ကျနေရှာတယ်။

နံနက်ခင်းရောက်လာတော့ သားသုံးယောက်လည်း အမဲလိုက်ရာကနေ အိမ်ကိုပြန်ရောက်ခဲ့ပါတယ်။ မိခင်ဖြစ်သူကလည်း သူမရဲ့သားသုံးယောက်ကို ဘယ်လိုဘယ်ပုံဖြစ်ပျက်ခဲ့တယ် ဆိုတာ ပြောပြဖို့ အစရှာမရ ဖြစ်နေတယ်။

နောက်တော့ သူမရဲ့ သားတွေကို နှုတ်ဆက်လိုက်ပြီး . . .

''သားတို့၊ မင်းတို့ဟာ မင်းတို့ရဲ့အဖေလိုပဲ ရဲစွမ်းသတ္တိရှိကြပါတယ်။ သန်မာပြီး ပေါ့ပါးသွက်လက်မှုလည်း ရှိကြပါတယ်။ အခုမင်းတို့ရဲ့ အကူအညီကို အမေလိုအပ်လာခဲ့ပြီ''





လို့အစချီကာ ဖြစ်သမျှအကြောင်းစုံကို ပြောပြလိုက်ပါတယ်။

အဲဒီအခါမှာ သားကြီးဖြစ်သူက . . .

''အမေ ဒီကမ္ဘာကြီးဟာ ကျွန်တော်ရှာဖွေလို့ မရလောက်အောင် မကျယ်ပြောလှပါဘူး။ စတက်မြက်ခင်းပြင်ကအပ်ကိုလည်း ကျွန်တော်ရှာနိုင်ပါတယ်။ သမုဒ္ဒရာထဲမှာရှိတဲ့ ပင်အင်ခေါင်းကိုလည်း ကျွန်တော် ရှာနိုင်ပါတယ်။ ကျောက်တုံးတစ်တုံးထဲမှာ သော့ခနစ်ချက်ခတ်ထားတဲ့ ကျွန်းသေတ္တာကိုလည်း ကျွန်တော်ရှာဖွေနိုင်ပါတယ်''

လို့ပြောသတဲ့။

သားအလတ်ဖြစ်သူကတော့ . . .

''ကျွန်တော်ဟာ ဘယ်လောက်မြင့်မားတဲ့နေရာမှာပဲဖြစ်ပါစေ၊ ငှက်တစ်ကောင်လို ပျံသန်းနိုင်သူကို ပစ်ချနိုင်ပါတယ်။ တိမ်ပေါ်ကနေ မိုးရေစက်ကိုလည်း ကျလာအောင် လုပ်နိုင်ပါတယ်''

လို့ပြောပြန်တယ်။

''ကျွန်တော်တော့ ဘယ်အရာမဆို ကျွန်တော့်ရဲ့လက်နှစ်ဖက်နဲ့ မလွတ်တမ်းဆုပ်ကိုင်ထားနိုင်ပါတယ်။ ကျောက်တုံးတစ်တုံးမှသာ မဟုတ်ပါဘူး။ ကျောက်လွှာ ကျောက်ချပ်ကြီးတွေကိုလည်း ဆုပ်ကိုင်ထားနိုင်ပါတယ်။ ကောင်းကင်ပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



သောင်ကြီးထိုးကျလာပါစေ။ မြေစိုင်ခဲတစ်ခုတောင် မလွတ်စေ ဆိုလျှင် ကျွန်တော် ဖမ်းယူထားနိုင်ပါတယ်''

လို့ အငယ်ဆုံးသားက ပြောသတဲ့။

အဲဒီအခါ မိခင်ဖြစ်သူက ...

''သားတို့ မင်းတို့ရဲ့ ညီမလေးကို သွားရှာကြပါ။ အမေ ကိုတော့ ခွင့်လွှတ်ပါကွယ်။ မင်းတို့ရဲ့ ညီမလေးကို သေသေ ချာချာ မစောင့်ရှောက်နိုင်တာရယ်၊ လိုက်မရှာနိုင်တာရယ် အတွက်ပေါ့''

လို့ ပြောလိုက်တယ်။

အကြီးဆုံးသားဖြစ်သူက အချိန်မဖြုန်းဘဲနဲ့ သွားရောက် ရှာဖွေဖို့ ပြောလိုက်ပြီး ညီမဖြစ်သူကို မတွေ့မချင်း ပြန်မလာ ဘူးလို့ ကတိပေးလိုက်တယ်။

သူတို့ ညီမလေးကို သွားရှာတဲ့အခါ အစ်ကိုကြီးဖြစ်သူ တွေ့လိုက်ရတာကတော့ ဦးခေါင်းများစွာရှိတဲ့ ဘီလူးကြီးဟာ တိမ်တိုက်တစ်ခုမှာ အမှတ်စက်တစ်စက်အနေနဲ့ ပုန်းကွယ်နေတာ ကို တွေ့လိုက်ရသတဲ့။

အဲဒါကို ညီအလတ်ကိုပြောပြတော့ ညီအလတ်က ...

သူရဲ့လေးမြားကို ယူပြီး ဘီလူးကြီးကို ပစ်လိုက်တယ်။ မြားဟာ ဘီလူးကြီးရဲ့ အသည်းနှလုံးကို စိုက်ဝင်သွားပြီး



ဘီလူးကြီးလည်း သေဆုံးသွားသတဲ့။ လူးသားစားဘီးလူးကြီးဟာ သူဖမ်းဆုပ်ထားတဲ့ မိန်းကလေးကို သူရဲ့လက်ထဲကနေ လွှတ် ကျသွားခဲ့ရပါတယ်။

မိန်းကလေးဟာ ကျောက်တုံးတစ်တုံးလိုပဲ မိုးပေါ်ကနေ ကျလာသတဲ့။ ဒါပေမယ့် မြေပေါ်ကိုမကျခင်မှာဘဲ ညီအငယ်ဆုံး က ဖမ်းယူလိုက်နိုင်တဲ့အတွက် အသက်အန္တရာယ် ဘာမှမဖြစ်ဘဲ ရှိခဲ့တယ်။

လူသားစားဘီလူးကြီးရဲ့ လက်သည်းကြားကနေ ဘေးမသီ ရန်မခအောင် ညီမဖြစ်သူကို ကယ်တင်ခဲ့တဲ့ ညီ အစ်ကိုသုံးဦးရဲ့ သတင်းဟာ လူတွေကြားထဲမှာ ပြန့်နှံ့သွားခဲ့ပါတယ်။ အဲဒီနောက် ရွာမှာရှိတဲ့ လူကြီးတွေက သူတို့ညီအစ်ကိုထဲ က ညီမဖြစ်သူရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့သူကို ဆုချီးမြှင့်ဖို့ သဘောတူကြတယ်။ အဲဒီလူတွေထဲက တစ်ယောက်က ...

''ညီအလတ်က ဘီလူးကြီးကို သတ်ဖြတ်နိုင်တဲ့အတွက် ဆုချီးမြှင့်သင့်တယ်''

လို့ ပြောသတဲ့။

ဒါပေမယ့် တစ်ယောက်ကတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးကသာ ဘီလူးကြီးကို ရှာမတွေ့ဘူးဆိုရင် ညီအလတ်က ဘီးလူးကြီးကို သတ်လို့ရမှာ မဟုတ်တဲ့အတွက် အစ်ကိုကြီးကို ဆုချီးမြှင့်သင့်တယ်"လို့ ဆိုပြန်တယ်။

ဒါပေမယ့် တချို့ကတော့ ...

"ညီအငယ်ဆုံးသာကသာ သူ့ရဲ့ညီမလေးကို သေသေချာချာ မဖမ်းနိုင်ခဲ့ဘူးဆိုရင် အစ်ကိုကြီးနဲ့ညီအလတ် လုပ်ခဲ့သမျှ အလကားဖြစ်သွားမှာပေါ့။ ညီအငယ်ဆုံးကသာ သူ့ရဲ့ညီမလေး အသက်ကို တကယ်ကယ်တင်ခဲ့တာ"လို့ ဆိုကြပြန်တယ်။

အဲဒီလို သဘောထားအမျိုးမျိုး ကွဲပြားနေတဲ့အတွက် သူတို့ညီအစ်ကိုသုံးယောက်ထဲက ဘယ်သူ့ကိုမှ ဆုမချီးမြှင့်နိုင်တာ ဒီနေ့တိုင်အောင်ပဲတဲ့။

ကဲ ဒီတော့ ကလေးတို့အနေနဲ့ ဘယ်သူ့ကို ဆုချီးမြှင့်သင့်တယ်ဆိုတာကို ရွေးချယ်ပေးကြပါလားကွယ်။

ရုရှားကျေးလက်ပုံပြင်တစ်ပုဒ်ဖြစ်သော WHO SHOUKD GET THERE WARD? ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။



# ပျော်ရွှင်ခြင်း

တစ်ခါတုန်းက ညီအစ်ကိုလေးဦးရှိခဲ့ကြသတဲ့။

သူတို့ အထဲမှာ သုံးယောက်က လိမ္မာပြီး အငယ်ဆုံး တစ်ယောက်ကတော့ ရဲရင့်သတဲ့။ တစ်နေ့တော့ သူတို့ညီအစ်ကိုလေးဦးဟာ ပျော်ရွှင်ခြင်းကို ရှာဖွေဖို့ အပြင်ကိုထွက်ခဲ့ကြတယ်။

သူတို့ဟာ လမ်းလျှောက်ရင်း၊ လမ်းလျှောက်ရင်းနဲ့ တွင်းကြီးတစ်ခုကို တွေ့ကြတယ်။

အဲဒီတွင်းထဲမှာ "ပျော်ရွှင်ခြင်း" ဟာ ထိုင်နေတာကို တွေ့ရတယ်။

ပျော်ရွှင်ခြင်းက သူတို့ကို မေးတယ်။

"ဘာပြဿနာများ ရှိကြသလဲ ကလေးတို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရာရာကို သိချင်ပါတယ်"

လို့ အစ်ကို ကြီးဆုံးက ဖြေတယ်။

"ပျော်ရွှင်ခြင်း"က

"မင်းလုပ်နိုင်ပါ့မလား၊ လေ့လာရမယ်"လို့ ပြောပြီး မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ပေးတယ်။ အဲဒီမဂ္ဂဇင်းရဲ့ နာမည်ကတော့

"ဗဟုသုတအင်အား"တဲ့။

ဒုတိယအစ်ကိုကတော့ ...

"ကျွန်တော်ကတော့ ကမ္ဘာပေါ်မှာ ခွန်အားအကြီးဆုံးလူ ဖြစ်ချင်တယ်"လို့ ဖြေတယ်။

"အိုကေ၊ ဖြစ်ရမှာပေါ့။ ဒါကို ယူပေတော့"

လို့ ပြောပြီး တင်းပုတ်ကြီးတစ်ခုကို ပေးလိုက်တယ်။

တတိယအစ်ကိုကတော့ "ကျွန်တော်ကတော့ ချမ်းသာချင်ပါတယ်"လို့ စိတ်အားထက်သန်စွာ ပြောတယ်။ အဲဒီအခါမှာ "ပျော်ရွှင်ခြင်း"က "ပြဿနာမရှိပါဘူး"လို့ ပြောပြီး အသပြာတစ်ထောင်ပါတဲ့ ပိုက်ဆံအိတ်ကို ပေးလိုက်တယ်။

"မင်းကော ဘာအကြောင်းများရှိသလဲ"လို့ ညီအငယ်ဆုံးကို မေးပြန်တယ်။

အဲဒီမှာ ညီအငယ်ဆုံးက "အသင်ကော ဘာဖြစ်ချင်ပါသလဲ"လို့ "ပျော်ရွှင်ခြင်း"ကို ပြန်ခမေးတယ်။



"ငါဒီတွင်းထဲကနေ အပြင်ကို ထွက်ချင်ပါတယ်"လို့ ပျော်ရွှင်ခြင်းက ဖြေတယ်။ ညီအငယ်ဆုံးလေးက "ပျော်ရွှင်ခြင်း" ကို တွင်းထဲကနေ အပြင်ကို ဆွဲထုတ်ပေးလိုက်တယ်။ နောက်သူသွားစရာရှိတဲ့ခရီးကို ဆက်ပြီးသွားသတဲ့။

ပျော်ရွှင်ခြင်းက သူ့ရဲ့ နောက်ကနေ တကောက်ကောက်လိုက်နေသတဲ့။ ညီအစ်ကို လေးဦးထဲမှာ "ပျော်ရွှင်ခြင်း" နဲ့ မကွဲမကွာရှိတဲ့ သူက ညီ အငယ်ဆုံးဖြစ်နေတော့တယ်။

**၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလထုတ် Sputnik(Junior)မဂ္ဂဇင်းပါ Konstantin Melikhan ရဲ့ 'Jappiness ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။**

www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်ပညာရှိတဲ့ ကြက်တူရွေး

တစ်ခါတုန်းက ပျံသန်းနေတဲ့ ကြက်တူရွေး ငှက်အုပ်ကြီးဟာ အောက်ဘက်မှာမြင်နေရတဲ့ သစ်ပင်တစ်ပင်ပေါ်ကို ခေတ္တနားဖို့ ဆင်းသက်လာခဲ့ကြတယ်။

အဲဒီအချိန်မှ မုဆိုးတစ်ဦးက သူတို့တစ်တွေကို ဖမ်းဆီးဖို့ စောင့်ဆိုင်းနေသတဲ့။ ကြက်တူရွေး ငှက်တွေဟာ သူတို့ရဲ့ ခေါင်းဆောင်ပျံသန်းရာနောက်ကိုသာ လိုက်လာကြတာပါ။

သူတို့တစ်တွေ ထောင်ချောက်ထဲ တိုးဝင်ခဲ့မိမယ် လို့ မတွေးမိခဲ့ကြဘူး။ အဲဒီလို အဖမ်းခံရတော့ ကြက်တူရွေးငှက်တွေက သူတို့ရဲ့ခေါင်းဆောင်ကို ဒီလိုဆိုသတဲ့။





"အရှင်၊ ကျွန်ုပ်တို့ဟာ အရှင်နောက်လိုက်တွေပါ။ ဒါ
ပေမယ့် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ဒီလိုဒုက္ခရောက်မယ်လို့ မတွေး
ထင်ထားမိဘူး။ ယခု ကျွန်ုပ်တို့ လွတ်မြောက်ရာလမ်းကို ညွှန်ပြ
ပေးပါ"

ခေါင်းဆောင်ဖြစ်တဲ့ ကြက်တူရွေးက ဒီလိုပြန်ပြောသတဲ့။

"မိတ်ဆွေတို့၊ စိတ်နှလုံးပူပန်ခြင်း မဖြစ်ကြပါနဲ့။ ဒီအ
ခက်အခဲကနေ လွတ်မြောက်ဖို့ နည်းတစ်နည်းပဲ ရှိတယ်။ မုဆိုး
က ပိုက်ကွန်ကို ဆွဲလိုက်တဲ့အခါ သေဆုံးချင်ယောင်ဆောင်နေကြ
ပါ။ ကျွန်ုပ်ဆီက အချက်ပေးသံမကြားမချင်း မျက်စိမဖွင့်ကြပါနဲ့။
အတောင်ပံတွေမလှုပ်ရှားကြပါနဲ့။ ကျွန်ုပ်တို့အားလုံး သေဆုံး
သွားပြီလို့ မုဆိုးက ယုံကြည်ပြီး ကျွန်ုပ်တို့အနားကနေ ထွက်ခွာ
သွားတဲ့အချိန်ကျမှပဲ ကျွန်ုပ်တို့လွတ်မြောက်ပါလိမ့်မယ်"

အဲဒီအချိန်မှာ မုဆိုးကတော့ ကြက်တူရွေးငှက်တွေ
အားလုံးကို အလွယ်တကူဖမ်းမိပြီဆိုပြီး သူပုန်းနေတဲ့နေရာကနေ
ပီတိဖြစ်နေသတဲ့။

ဒီကြက်တူရွေးငှက်တွေ ရောင်းချပြီး ငွေတွေရရှိရင်
ဆောက်မယ့်အိမ်ကြီးရယ်၊ မိန်းမနဲ့ကလေးတွေအတွက် ဝယ်ပေး
မယ့်အဝတ်အစားတွေကိုလည်း မြင်ယောင်နေမိတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



အတွက် တံကောင်းချင်းတွေ ရောက်ရှိလာပြီလို့ ယူဆနေတာ ပေါ့။

သူ့ရဲ့ပိုက်ကွန်မှာ ကြက်တူရွေးတွေအားလုံး သေဆေးချာ ချာဝမ်းမိပြီလို့ ယုံကြည်တဲ့အခါ သူ့ကိုယ်သူ အတော်ဆိုးလူတစ် ယောက်လို့လည်း ထင်နေပါတယ်။

တဖြည်းဖြည်းနဲ့ ပိုက်ကွန် ထဲက ငှက်တွေကို ဖမ်းယူခဲ့ တယ်။ ငှက်တွေ သူ့အနားရောက်လာတော့ ပထမ ကြက်တူရွေး တစ်ကောင်ကို ကိုင်ကြည့်တဲ့အခါ သေနေတာကို တွေ့သတဲ့။ နောက်ထပ်တစ်ကောင်ကို ကြည့်ပြန်တယ်။

အဲဒီ တစ်ကောင်လည်း သေနေပြန်ရော။

''ဘယ်လိုများ ဖြစ်ပါလိမ့်''လို့ ရေရွတ်လိုက်သတဲ့။ တတိယ၊ စတုတ္ထ ကြက်တူရွေးအားလုံး သေဆုံးနေတာကို တွေ့ရပါတယ်။

သူ့ရဲ့နှလုံးဟာ ကွဲမတတ်ဖြစ်နေပြီး ကြက်တူရွေး အားလုံး သေဆုံးနေကြတယ်လို့ မှတ်ချက်ချလိုက်တော့တယ်။ ကြက်တူရွေးအားလုံး ဘယ်နှကောင်ရှိသလဲဆိုတာ ရေတွက်ကြည့် မိတယ်။

မုဆိုးက မျှော်လင့်ခဲ့ပေမယ့်လည်း ကြက်တူရွေးအာလုံး သေဆုံးနေကြပြီလေ။

ပိုက်ကွန်ထဲက ကြက်တူရွေးတွေ အားလုံးထုတ်။ သေနေတဲ့ နောက်ဆုံးကြက်တူရွေးကိုချပြီး ဓားကိုကိုင်လိုက်တဲ့



အခါ ခေါင်းဆောင်ဖြစ်တဲ့ ကြက်တူရွေးငှက်ရဲ့ အချက်ပေးသံကို ကြားရတယ်။

ကြက်တူရွေး(၉၉၉)ကောင် ကောင်းကင်ပေါ် ပြန်တက် သွားပါတယ်။ မုဆိုးလည်း သတိပြန်ဝင်လာပြီး သူ့ရဲ့ ညာဘက် က ကြက်တူရွေးငှက်တစ်ကောင်ကို ဖမ်းလိုက်မိသတဲ့။ အဲဒီ ကြက်တူရွေးကတော့ သူ့ကိုအရူးလုပ်ခဲ့တဲ့ ခေါင်းဆောင် ကြက်တူရွေးငှက်ပါပဲ။

''နင့်ခေါင်းကို ဝါးစားပစ်မယ်''လို့ မုဆိုးက ကြိမ်းဝါး လိုက်တယ်။ ခေါင်းဆောင်ဖြစ်တဲ့ ကြက်တူရွေးငှက်က မျက်လုံး ဖွင့်ပြီး မုဆိုးကိုပြောလိုက်ပါတယ်။

''အသင်မုဆိုး၊ တခြားကျေးငှက်တွေ အသက်ဘေးမှ လွတ်မြောက်ဖို့အတွက် ကျွန်ုပ်ဤနည်းကို မသုံး၍ မရပါ။ ယခု သင် ကျွန်ုပ်ကိုဖမ်းဆီးမိပြီ ကျွန်ုပ်ကို သတ်မှာလား။ ကျွန်ုပ်၏ အကြံပေးချက်ကို နားထောင်ပါက သင်ကြက်တူရွေးငှက် အားလုံးကို ရောင်းချ၍ရမည့် ငွေအား သင်ရပါလိမ့်မည်။ အသင် နားထောင်ပါမည်လော''

မုဆိုးလည်း ကြက်တူရွေးက လူလိုစကားပြောတော့ ရုတ်တရက် အံ့အားသင့်သွားမိခဲ့တယ်။

''ကဲ ပြောပါ။ ကျွန်ုပ် နားထောင်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"ယခု ကျွန်ုပ်အား ချမ်းသာသောကုန်သည်များ အလုပ်လုပ်သည့်စျေးသို့ ခေါ်သွားပါ။ သူတို့ထံသို့ ကျွန်ုပ်ကို ရောင်းချပါ။ သင့်အနေဖြင့် ရွှေငွေရတနာများ ရရှိပါလိမ့်မယ်လို့ ကျွန်ုပ်ကတိပြုပါတယ်"

မုဆိုးလည်း ကြက်တူရွေး ပြောတဲ့အတိုင်း မှတ်သားပြီး စျေးကိုသွားကာ ကြက်တူရွေးကို ရောင်းချပါတယ်။

သူတို့အနားကနေ ဖြတ်သွားကြတဲ့သူတွေက စျေးမေးကြပါတယ်။ မုဆိုးက ကြက်တူရွေးပြောထားတဲ့အတိုင်း ရွှေဒင်္ဂါးတစ်ထောင်နဲ့ ရောင်းမယ်လို့ ပြောလိုက်တယ်။

စျေးမေးတဲ့လူတွေကလည်း ဒီလူ ရူးနေတယ်ထင်တယ်ဆိုပြီး နောက်တစ်ကြိမ်တောင် မမေးကြတော့ဘူး။

အချိန်လည်းကုန်ခဲ့ပြီ။ မုဆိုးလည်း စိတ်ပျက်လာခဲ့ပြီ။ အဲဒီအချိန်မှာ ကုန်သည်သူဌေးကြီးတစ်ဦးရဲ့ သားဖြစ်တဲ့ ဆိုမာက အနားကနေ ဖြတ်သွားပါတယ်။

သူက လူငယ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ဖခင်က ရွှေကုန်သည်ပါ။ တခြားလူတွေလိုပဲ ကြက်တူရွေး ကို ကြည့်ပြီး ရောင်းမှာလားလို့ ပြောလိုက်တယ်။ မုဆိုးက အရင်လူတွေကို ပြောနေကျအတိုင်း ရွှေဒင်္ဂါးတစ်ထောင်ရရင် ရောင်းမယ်လို့ ပြောလိုက်တယ်။

ငယ်ရွယ်တဲ့ ကုန်သည်လေးက အာမေဋိတ်သံပြုပြီး "ဒင်္ဂါးတစ်ပြားဆို ပုံမှန်စျေးပဲ။ ဒီကြက်တူရွေးက နည်းနည်း





ပိုလှတော့ တစ်ပြားပိုတောင်းပေါ့၊ လူရယ်စရာ ဖြစ်အောင် မလုပ်ပါနဲ့။ ဘာကြောင့် ဒီစျေးဆိုရတာလဲ"

လို့ မေးပါတယ်။

ဒီစကားကို ကြားရတော့ ကြက်တူရွေးက ဒီလို ပြန်ပြောသတဲ့။

"မင်္ဂလာပါ။ ကုန်သည်လေး ဒီမှာကြည့်ပါ။ သင်က ကျွန်ုပ် သိပ်စျေးကြီးတယ်လို့ ပြောပါတယ်။ ကျွန်ုပ်သင့်ကို စိမ်ခေါ်လိုက်မယ်။ ဒီစျေးနှုန်းနဲ့ သင် ကျွန်ုပ်ကို ဝယ်ယူပြီးတဲ့နောက်မှာ တစ်ခဏအတွင်း ရွှေဒင်္ဂါးတစ်သောင်းရလိမ့်မယ်။ ဘယ်လိုလဲ၊ သင် အလောင်းအစား လုပ်နိုင်ပံ့သလား"

ကြက်တူရွေးပြောတဲ့စကားကြားရတော့ ဆိုမာခမျာ အံ့အားသင့်ရုံမကဘူး။ အကြီးအကျယ် စမ်းပြောက်သွားမိတယ်။

သူ့အနေနဲ့ ဘာစကားမှ မဆိုတော့ဘဲ ရွှေဒင်္ဂါးတစ်ထောင်ငွေလွှဲလက်မှတ်ကို ရေးပြီး မုဆိုးကို ပေးလိုက်တယ်။ မုဆိုးလည်း ကျေနပ်ဝမ်းမြောက်စွာနဲ့ပဲ ကြက်တူရွေးကို ပေးအပ်လိုက်တယ်။

ဆိုမာလည်း ကြက်တူရွေးကို ယူဆောင်လာပြီး သူ့အဖေရဲ့ဆိုင်ကို တန်းတန်းမတ်မတ် ပြန်လာခဲ့ပါတယ်။

သူ့အဖေဆီ ရောက်တော့ အံ့အားသင့်စရာ ဖြစ်လာခဲ့တယ်လေ။ သူ့ရဲ့အဖေ က သူ့ကို ဆိုင်ခွဲတစ်ခု ဖွင့်နိုင်းထယ်လေး။

www.burmeseclassic.com



ကြက်တူရွေးငှက် ရောက်လာလာချင်းပဲ ကြက်တူရွေးဟောခဲ့သလို ဖြစ်နေတော့ သူနဲ့ကြက်တူရွေးတို့ မျက်လုံးချင်းဆုံးခဲ့မိတယ်။

ဆိုင်သစ်ဖွင့်ပွဲမှာ ရောက်လာတဲ့ ဧည့်သည်တွေကို သင့်တော်တဲ့ သစ်သီး၊ စားသောက်စရာတွေနဲ့ ဧည့်ခံပါတယ်။ ဆိုမာက ရတနာကိုးမျိုးနဲ့ လုပ်ထားနဲ့ ရွှေလှောင်ချိုင့်ကို ထုတ်နိုင်းလိုက်ပြီး အဲဒီလှောင်အိမ်အကြီးကြီးထဲမှာ ကြက်တူရွေး ငှက်ကို ထည့်ထားကာ ဈေးရောင်းနေတဲ့နေရာရဲ့ နောက်နားမှာ အမြဲတမ်း ဆွဲထားပါတယ်။

ကြက်တူရွေးအတွက် သင့်တော်တဲ့ အစားအစာကို လည်း အချိန်ပြည့် ထည့်ထားပေးတယ်။

ရက်အနည်းငယ်ကြာတော့ ကြက်တူရွေးက ဆိုမာကို ပြောပြန်သတဲ့။

"အရှင် ကျွန်ုပ် သင့်ကို အကြံတစ်ခု ပေးချင်ပါတယ်။ ကျွန်ုပ်ပြောတဲ့ အကြံဉာဏ်ကို လက်ခံရင် သင်များစွာချမ်းသာ လာလိမ့်မယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။

သင့်ဆိုင်ရဲ့ နေရာပတ်လည်မှာ ထိုင်စရာအခင်းခံ ကောင်းကောင်းများ ချထားပေးပါ။ သင့်ရဲ့ ဖောက်သည်များကို အဆင်ပြေရဲ့လားလို့ မေးပါ"



ကြက်တူရွေးပြောတာကို ဆိုမာက သဘောတူပြီး အိစက် ညက်ညောတဲ့ ထိုင်စရာအခင်းခံ ကောင်းကောင်းတွေကို ဆိုင်ရဲ့ ပတ်လည်မှာ ချထားလိုက်တယ်။

သူ့ဆိုင်ကိုလာတဲ့သူ အားလုံးကိုလည်း ခရီးဦးကြိုပြုပြီး နှုတ်ခွန်းဆက်စကား ပြော ဆိုတယ်။ ဒီတော့ လူတိုင်းက ဆိုမာ သဘောကောင်း တယ်ဆိုပြီး ဆိုမာရဲ့ဆိုင်မှာ ဈေးဝယ်တဲ့သူတွေ ပြည့်နေတယ်။

ဆိုမာလည်း လအနည်းငယ်အတွင်း ချမ်းသာသထက် ချမ်းသာလာခဲ့တယ်။

ဘယ်လောက်တောင် ချမ်းသာလာသလဲ ဆိုရင် သူ့ရဲ့ အဖေထက်ပိုပြီး ချမ်းသာခဲ့သတဲ့။ ဆိုမာလည်း ကြက်တူရွေး လေးကို အမြဲတမ်းပဲ ကောင်းကောင်းမွန်မွန်နဲ့ ပြုစုစောင့်ရှောက် ပါတော့တယ်။

အညွှန်း အိန္ဒိယနိုင်ငံထုတ် Bhavas Journal (FEB 15 2004)ပါ V.AK Aiyer ၏ Viknama Becomes a parrat ။

www.burmeseclassic.com

www.burmeseclassic.com

## မောင်မြဖေနှင့် ဆေးခါတ်လုံး

တစ်ခါက ညောင်ညိုရိပ်ဆိုတဲ့ ရွာကြီးတစ်ရွာမှာ မောင်မြဖေ ဆိုတဲ့ သူငယ်ကလေးတစ်ယောက်ရှိသတဲ့။

မောင်မြဖေလေးမှာ မိဘနှစ်ပါးစလုံး မရှိကြတော့ဘူး။

အဲဒီတော့ သူဟာ သူဖာသာ သူထင်းခုတ်ပြီး ဝမ်းစာရှာဖွေ စားသောက်ရသတဲ့။

မနက်ဆိုရင် အစောကြီးထပြီး ရွာကနေအတော်လှမ်းတဲ့ တောကြီးထဲမှာ ထင်းသွားခွေရတယ်။

ထင်းတွေရပြီဆိုရင် ရွာကိုပြန်ပြီး ရောင်းတယ်။ ဒါဟာ မောင်မြဖေရဲ့ နေ့စဉ်အလုပ်ပဲ။



သူဟာဆင်းရဲပေမယ့် ရိုးသားပြီး ကူညီတတ်တဲ့ စိတ်ရှိလို့ တစ်ရွာလုံးက ချစ်ကြတယ်။

တစ်နေ့တော့ မောင်မြဖေဟာ မနက်စာ ထမင်းထုပ်ကို ယူပြီး ထင်းခွေဖို့ တောထဲထွက်ခဲ့တယ်။

တောထဲရောက်တော့ ထင်းခွေပြီး အတော်ကလေးကြာတဲ့အခါ ထမင်းစားတယ်။ နောက် အရိပ်ကောင်းကောင်း သစ်ပင်တစ်ပင် အောက်မှာ တစ်ရေးတစ်မောအိပ်တယ်။

အိပ်ပျော်သွားတဲ့အခါ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခုကို မက်တယ်။

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့က အဘိုးအိုတစ်ဦး ရောက်လာပြီး သူ့ကို ပြောသတဲ့။

"လူကလေး မင်းဟာစိတ်ကောင်းရှိပြီး သူတစ်ပါးကို ကူညီတတ်တယ်။ ဆင်းရဲတဲ့ မင်းဘဝကို ကယ်တင်ဖို့ အဘိုးလာခဲ့တာပဲ၊ ရော့ ဟောဒီ ခါတ်လုံးကိုဆောင်ထား၊ မကျန်းမာတဲ့သူတွေ တွေ့ရင် ဒီခါတ်လုံးကို အသုံးပြုပြီး ကုသပေးပါ၊ ဘယ်လိုရောဂါမျိုးဖြစ်ပါစေ။ ဒီခါတ်လုံးရဲ့ အာနိသင်ကြောင့် ပျောက်ကင်းမှာအမှန်ပဲ၊ တစ်ခုတော့မှာခဲ့မယ်၊ ဒီလို ဆေးကုသတဲ့အတွက် ငွေကြေးဥစ္စာပစ္စည်းတောင်းခံခြင်းမပြုပါနဲ့၊ စေတနာနဲ့ပေးကမ်းတာကိုပဲ လက်ခံပါ၊ မင်းမှာလောဘတတ်လာပြီဆိုရင် ဒီခါတ်လုံးဟာ ပျောက်ကွယ်သွားလိမ့်မယ်"

www.burmeseclassic.com



မောင်မြဖေလည်း လန့်နိုးသွားတယ်။ အဲဒီအချိန်မှာ ထူးဆန်းအံ့ဩစွာပဲ သူ့လက်ထဲမှာ ဓာတ်လုံးတစ်လုံးရောက်နေတာကို တွေ့ရတယ်။

မောင်မြဖေလည်း အိပ်မက်ထဲက အဘိုးအို ပြောတဲ့အတိုင်း မကျန်းမာတဲ့ လူနာတွေကို ဓာတ်လုံးကို အကြောင်းပြုပြီး ဆေးကုသပေးတယ်။

မကျန်းမမာဖြစ်တဲ့ သူတွေအားလုံးဟာ ရောဂါပျောက်ကင်းကုန်ကြတယ်။

ဒီလိုနဲ့ သူ့ရဲ့ဂုဏ်သတင်းဟာ ကျော်ကြားပြီး တစ်နယ်တစ်ကျေးကလူတွေလည်း သူ့ဆီလာကုကြတယ်။

ဆေးလာကုခံကြတဲ့ လူတချို့ဟာ ငွေကြေးချီးမြှင့်ပူဇော်နိုင်ကြသလို အများစုကတော့ ဆင်းရဲတဲ့အတွက် စေတနာရှိသော်လည်း ဘာမျှမပေးနိုင်ကြရှာဘူး။

ကြာတော့ အဲဒီသူတွေအပေါ် မောင်မြဖေဟာ စိတ်ပျက်လာတယ်တဲ့ကွယ်။

တစ်နေ့မှာ အဘိုးအိုတစ်ဦးဆေးကုသခံဖို့ သူ့ဆီရောက်လာတယ်။ အဘိုးအိုကြည့်ရတာ ဆင်းရဲနွမ်းပါးပုံရတယ်။





"လူကလေးရယ် အဘိုးခေါင်းမူးနေလို့ ဆေးကုပေးပါကွယ်"

"ခေါင်းမူးတာ အသာထား ဆေးကုပေးတဲ့အတွက် ငွေဘယ်လောက်ပါလဲ အဘိုးကြီး"

"သြော် မင်းဘဝမေ့သွားပြီကိုး အင်းလေ မင်းစေတနာအတိုင်းဖြစ်ရမှာပေါ့"

အဘိုးအိုထွက်သွားပြီး မကြာခင်မှာ လူမမာတစ်ဦးရောက်လာပြန်တယ်။ အဲဒီလူကတော့ ချမ်းသာကြွယ်ဝပုံပဲ။ သူဟာ လူမမာဆီက ငွေကြေးအသပြာရနိုင်မှန်း ရိပ်စားမိတဲ့အတွက်စိတ်အားထက်သန်စွာနဲ့ ဓာတ်လုံးကို ထုတ်ယူလိုက်တယ်။

ဒါပေမယ့် သူ့အကျီအိတ်ထဲမှာ အမြဲတမ်းထည့်ထားနေကျဖြစ်တဲ့ ဆေးဓာတ်လုံးဟာ မရှိတော့ဘူးဆိုပဲ။ သေသေချာချာရှာဖွေကြည့်ပေမယ့်လည်း ဓာတ်လုံးဟာ ပြန်မတွေ့နိုင်ဘူး ဖြစ်နေသတဲ့။

အဲဒီအခါမှာ တစ်ချိန်က သစ်ပင်ရိပ်မှာ အိပ်နေတုန်း အိပ်မက်ထဲက အဘိုးအိုပြောတဲ့ စကားတွေကို ပြန်ပြီးကြားယောင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမောင်မြပေဟာ သူ့ရဲ့လောဘကြီးမှုကြောင့် ဆေးခတ်လုံးပျောက်ဆုံးသွားတာကို သိသွားတယ်။

ဒါပေမယ့် အချိန်နှောင်းသွားပြီလေ။

Sputnik မဂ္ဂဇင်းပါ ဂိုဝီယက်ပုံပြင်ကို မှီးထားခြင်းဖြစ်ပါသည်၊



BURMESE CLASSIC .com

## ရွှေအိုးတစ်လုံးနှင့် ညီအစ်ကိုသုံးယောက်

တစ်ခါတုန်းက လူတစ်ယောက်မှာ သားသုံးယောက်ရှိသတဲ့။

အဲဒီလူဟာ အလုပ်ကြိုးစားတဲ့ လူတစ်ယောက်ဖြစ်ပြီး နံနက်ကနေ မိုးချုပ်သည့်တိုင်အောင် အလုပ်ကိုကြိုးစားလုပ်ကိုင်တယ်။

ဒါပေမယ့် သူ့ရဲ့သားသုံးယောက်ကတော့ အလွန်အပျင်းကြီးကြသတဲ့။

"ဟော့ကောင် ဖယ်စမ်း အဲဒီမှာ ငါအိပ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



အဖေလုပ်သူက လယ်ကွင်းထဲ၊ ဥယျာဉ်ထဲမှာ အလုပ်တွေနေလုပ်ပေမယ့် အဲဒီညီအစ်ကိုသုံးယောက်ကတော့ သစ်ပင်ရိပ်အောက်မှာ စကားကောင်းရင် ကောင်းနေတယ်။ ဒါမှမဟုတ် စမ်းချောင်းထဲသွားပြီး ငါးများရင်လည်း များနေသတဲ့။

ပတ်ဝန်းကျင်က လူတွေက သူတို့ကို အလုပ်လုပ်ဖို့ပြောတဲ့အခါ . .

"ဘာလုပ်ရမှာလဲ၊ အဖေက ကျုပ်တို့ကို ဝရစိုက်တယ်၊ နောက်ပြီး သူ့အလုပ်တွေကို သူကိုယ်တိုင် လုပ်နိုင်သားပဲ"

ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာလာခဲ့တယ်၊ သူတို့ရဲ့အဖေဟာ အသက်အရွယ်ကြီးလာလို့ အရင်ကလို အလုပ်မလုပ်နိုင်တော့ဘူးပေါ့။

တစ်နေ့တော့ ဖခင်ဖြစ်သူက သားသုံးယောက်ကိုခေါ်ယူပြီး . .

"ငါသားတို့ အဖေ နေရတော့မှာ မဟုတ်ဘူး"

သားတို့ကို အဖေလျှို့ဝှက်ထားတာ တစ်ခုပြောမယ်၊ အိမ်ရဲ့ခြံထဲမှာ အဖေဟာ ရတနာအိုးတစ်လုံးကို မြှုပ်ထားတယ် အဲဒီအိုးကို ဘယ်နေရာမှ မြှုပ်ထားတယ်ဆိုတာ အဖေမမှတ်မိတော့ဘူး။ ဒီတော့ အဖေမရှိတဲ့နောက် အဲဒီရတနာတွေကို



တူးဖော်ပြီး ယူပါ၊ သားတို့ ဘာလုပ်မှမလုပ်ဘဲ နေရအောင် ချမ်းသာလာလိမ့်မယ်။

အဲဒီနောက် ဖခင်ကြီးဟာ သေဆုံးသွားတယ်။

"ကဲ၊ ညီလေးတို့၊ ငါတို့ဆင်းရဲလာခဲ့ပြီ။ အဖေမှာခဲ့တဲ့အတိုင်း ရွှေအိုးကို ခြံထဲမှာရှာကြရအောင်၊ ဒါမှ ငါတို့ချမ်းချမ်းသာသာနေရမှာ"

အဲဒီနောက် ညီအစ်ကိုသုံးဦးဟာ ဂေါ်ပြားတွေကိုင်ပြီး ခြံထဲကိုဆင်းလာခဲ့ကြတယ်။

အစ်ကိုကြီးဆုံးဟာ မြေကြီးကိုတူးရင်း မာကျောတဲ့အရာတစ်ခုကို သူရဲ့ဂေါ်ပြားနဲ့ ထိခတ်သံကြားလိုက်ရတယ်။

သူတို့ဟာ အားရဝမ်းသာနဲ့ကြိုးစားတူးကြည့်လိုက်တော့ ကျောက်တုံးကြီးတစ်တုံး ဖြစ်နေတာကို တွေ့ရပြန်တယ်။

ကျောက်တုံးကြီးကို တစ်ခြားမှာ သွားပစ်ပြီး သူတို့ဟာ မြေကြီးကို ဆက်တူးကြပြန်တယ်။

သူတို့ဟာ အိမ်အနီးအနားတစ်ဝိုက်မှာ ရွှေအိုးကို တူးဖော် ရှာဖွေကြတယ်။

ဒါပေမယ့် အချိန်သာ ကုန်သွားတယ်။ ရွှေအိုးကိုရှာဖွေမတွေ့ကြဘူး။

www.burmeseclassic.com



''ငါတို့ ဒီအိမ်နားတစ်ဝိုက်ထဲတူးရှာနဲ့တော့ ရွှေအိုးကို တွေ့ရမှာ မဟုတ်ဘူး။ ဒီခြံထဲမှာရှိတဲ့ မြေတွေအားလုံးတူးကြည့်ရအောင်''

ဒီလိုနဲ့ ညီအစ်ကိုသုံးယောက်ဟာ အိမ်ပတ်ဝန်းကျင်မှာရှိသမျှ မြေအားလုံးကို တူးဆွကြပြန်တယ်။

အစ်ကိုကြီးဟာ ဂေါ်ပြားတွေရဲ့တူးဆွမှုကြောင့် မြေဆီလွှာတွေနူးညံ့ ပျော့ပျောင်းလာတာတွေ့ရတော့။

''ငါတို့မြေကြီးတွေကို ဒီအတိုင်းမထားဘဲ စပျစ်ပင်စိုက်လိုက်ရင်ကောင်းမယ်''

အဲဒီနောက် သူတို့ညီအစ်ကိုသုံးယောက်ဟာ စပျစ်ပင်တွေကို စိုက်ပျိုးပြီး စပျစ်ပင်တွေသီးလာတဲ့ အခါ ရောင်းချလို့ ငွေတွေအများကြီး ရလာတာပေါ့။

နောက်ဆုံးတော့ အစ်ကိုအကြီးဆုံးဟာ ဖခင်ကြီးပြောသွားတဲ့စကားကို ပြန်လည်တွေးတောမိပြီး။

''ငါတို့တစ်တွေ ဥယျာဉ်ထဲမှာ ရွှေအိုးကို ရှာဖွေတူးဆွခဲ့ကြတာ အကျိုးမဲ့တော့ မဖြစ်ဘူး။ တကယ်တော့ အဖေက ငါတို့ကိုအလုပ်လုပ်စေချင်လို့ ရွှေအိုးကို ရှာခိုင်းခဲ့တာပဲ''

www.burmeseclassic.com